ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (27-4-2004) (၄၂၁၆)

တပေါ စ
တော် မင်္ဂလ မုတ္တမ်။

ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ယနေ့ထုတ်စောင်ရေ
၁၉၇၀၀၉

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘို၊အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ မိုရှေ ကတ်ဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဘီးယားနှင့်မွန်တီနီဂရိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇာ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ **Major General AIM Mustafa Reza Noor,ndc** ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor,ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ ရေ၊လေ)ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြပြီး ဧည့်သည်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. A.B. Manjoor Rahim နှင့် စစ်သံမှူး Brigadier General Helal Uddin Ahmed, PSC တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၇-၄-၂၀၀၄
(အင်္ဂါနေ့)

ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိကျစွာလိုက်နာ

နိုင်ငံတော်တွင် လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာသည်နှင့်အညီ မော်တော်ယာဉ်သုံးစွဲမှုနှင့် မော်တော်ယာဉ်စီးရေသည် တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ ရန်ကုန်မြို့တော်သည် လူနေစည်ကား များပြားသဖြင့် ရန်ကုန်မြို့တော်မှ မြန်မာပြည်အရပ်ရပ်ရှိ ဒေသများသို့လည်းကောင်း၊ ရန်ကုန်မြို့တော်အတွင်း၌လည်းကောင်း နေ့စဉ်သွားလာ လျက်ရှိကြသည့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် လိုအပ်သည်။

ယခုအခါ ရန်ကုန်မြို့တော်ကြီး၏ မြို့တွင်း၊ မြို့ပြင် ဆက်သွယ်သွားလာရေးလမ်းများ ကျယ်ဝန်းပြီး တိုးတက်ကောင်းမွန်လျက်ရှိရာ မော်တော်ယာဉ်များအား မိုင်နှုန်းမြင့် မောင်းနှင်လာကြသည်ကို တွေ့ရသည်။ အချို့သောယာဉ်မောင်းများက ယာဉ်စည်းကမ်းချိုးဖောက်ခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်းများကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ ဖြစ်ပွားတတ်ကာ သေကျေ ထိခိုက်ဒဏ်ရာရမှုများနှင့် ကြုံတွေ့ကြရသည်။

ယာဉ်တိုက်မှုများ ဖြစ်ပွားသည့်အခါ လူမှုရေးအရ ထိခိုက်နစ်နာမှုများရှိသကဲ့သို့ စက်ကိရိယာ၊ ပစ္စည်းပိုင်းဆိုင်ရာ ဆုံးရှုံးမှုများလည်း ရှိနိုင်ပေသည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများကို ဆန်းစစ်ကြည့်လျှင် ယာဉ်မောင်းသူများ၏ ပေါ့လျော့ချို့ယွင်းချက်၊ စက်ကိရိယာပိုင်းမှ ချို့ယွင်းချက်၊ အနေးယာဉ်နှင့် ခရီးသွားပြည်သူများ၏ ချို့ယွင်းအားနည်းချက်များကြောင့် ဖြစ်ပွားတတ်ကြောင်း တွေ့ရသည်။

ယင်းအကြောင်းအရာများအနက် ယာဉ်မောင်းသူအချို့၏ မဆင်မခြင် မောင်းနှင်မှုနှင့် အရှိန်လွန်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားလေ့ရှိသည်။ မော်တော်ယာဉ်နှင့် စက်ကိရိယာပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များသည် ရုပ်ပိုင်းဝတ္ထုပစ္စည်းများဖြစ်၍ စစ်ဆေးပြုပြင်ရန် လွယ်ကူသည်။ လူအပိုင်းမှ ချို့ယွင်းအားနည်းချက်များကို ပြုပြင်ရာတွင် စစ်ဆေးကြပ်မတ်သည့်အပိုင်းနှင့် ပြည်သူလူထုအပိုင်းက တာဝန်သိသိ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၃ ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့ကျသွားစေရေးတို့အတွက် တာဝန်ရှိသူများ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရေးများ မှာကြားခဲ့သည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့သည် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိရာ မော်တော်ယာဉ်မောင်းများ၊ ယာဉ်လိုင်းအသီးသီးရှိ ဝန်ထမ်းများနှင့် ယာဉ်မောင်းများကလည်း သတ်မှတ်စည်းကမ်းများနှင့်အညီ ပြုမူဆက်ဆံ မောင်းနှင်ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ် (ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိရာ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားကြောင်း သိရသည်။ ယခုအခါ ဌာနဆိုင်ရာယာဉ်နှင့် အငှားယာဉ်များလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလျက်ရှိသည်။

ကိုယ်ပိုင်ယာဉ်များအနေဖြင့်မူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာခြင်းမရှိသေးသဖြင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရေးအတွက် သတိပြုဆင်ခြင် ထိန်းသိမ်းမောင်းနှင်ကြရန်လိုအပ်သည်။ ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်သဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ယာဉ်မောင်းများသည် သတ်မှတ်ထုတ်ပြန်ထားသော ယာဉ်စည်းကမ်း သတိပေးနှိုးဆော်ချက်များနှင့်အညီ တိတိကျကျ လိုက်နာမောင်းနှင်ကြရန်နှင့် အနေးယာဉ်များ၊ ခရီးသွားပြည်သူများကလည်း သတ်မှတ်ပေးထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထား လိုက်နာဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွေ့ဆုံနှုတ်ဆက်

ဧပြီ ၂၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော် (ကြည်း၊ရေ၊လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

အာဆီယံဒေသ စွမ်းအင်မူဝါဒနှင့် စီမံရေးကဏ္ဍခွဲ ကွန်ရက်အဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံဒေသ စွမ်းအင်မူဝါဒနှင့် စီမံရေးကဏ္ဍခွဲ ကွန်ရက်အဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည့် စွမ်းအင်ကဏ္ဍဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံ စွမ်းအင်နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်မည့် စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်တို့က အမှာစကားပြောကြားကြပြီး ပထမနေ့အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးကို ဧပြီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆီလ်ဗန်ရှာလော်(မ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် ဆားဘီးယားနှင့် မွန်တီနီဂရိုး အမျိုးသားနေ့ သဝဏ်လွှာပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗု(ခ်)ဒရာစကိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံ ဒေသ စွမ်းအင်မူဝါဒနှင့် စီမံရေးကဏ္ဍခွဲ ကွန်ရက်အဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

အနေကဇာတင်လှူပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ပဲခူးတိုင်း ကညွတ်ကွင်းမြို့၊ ငါးထပ်ကြီးဘုရားဝင်းအတွင်း တည်ထားကိုးကွယ်သော အောင်ခြင်းရှစ်ပါး ရုပ်လုံးကြွ ဗုဒ္ဓရုပ်ပွားတော်များအား မေ ၃ ရက်၊ ကဆုန်လပြည့်နေ့တွင် အနေကဇာတင်လှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မန်းတောင်ရိပ်မှာသည်

မြင့်စိုး (နတလ)

ယခုနှစ် သင်္ကြန်သည် ကျွန်တော့်အတွက် အနည်းငယ် ထူးခြားနေသည်။ လုပ်ရိုးလုပ်စဉ်နှင့် မတူညီသော မြင်ကွင်းအချို့ကို တွေ့မြင်ခဲ့ရ၍ဖြစ်၏။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ဧပြီလ ၁ ရက်နေ့၌ စတင်ရောက်ရှိလာကြရာ ဘုရင့်နောင် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် နေရာချထားပေးသည်။ နှစ်ရက်၊ သုံးရက်ခန့်အကြာ ဖိတ်ကြားထားသော ယဉ်ကျေးမှုအဖွဲ့ ၁၇ ဖွဲ့စလုံး စုံညီစွာရောက်ရှိလာပြီဖြစ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကနည်းပြဆရာမကြီးများ အကူအညီဖြင့် ယိမ်းအကများ စတင်တိုက်ကြသည်။ တိုင်းရင်းသား ရိုးရာအကများ လေ့ကျင့်ကြသည်။

တစ်နေ့။ ယိမ်းအကများ တိုက်နေသည့်နေရာသို့ ရောက်ရှိသွားစဉ် ၁၆ ယောက် ယိမ်းအဖွဲ့တွင် မပါဝင်ဘဲ ၎င်းတို့နှင့် ခပ်လှမ်းလှမ်းမှနေ၍ ကကြိုးကကွက်အတိုင်း လိုက်ကနေသော ဆံရစ်ဝိုင်းနှင့် ကလေးမတစ်ယောက်ကို တွေ့ရသည်။ တိုင်းရင်းသူအားလုံးကို ၁၆ ယောက် ယိမ်းအဖွဲ့များတွင် လူခွဲ၍ ထည့်သောအခါ စစ်ကိုင်းတိုင်း ပင်လယ်ဘူး/ဗန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသူ ထိုကလေးမလေးက ဘယ်ယိမ်းမှာမှ မပါနိုင်တော့ဘဲ ကျန်နေကြောင်း၊ သူ မကရ၍ ငိုနေကြောင်း၊ ထို့ကြောင့် အရန်သဘောမျိုး လေ့ကျင့်ရင်း ကခိုင်းထားတာဖြစ်ကြောင်း သိရသည်။ အရပ်လေးကလည်း အတန်ငယ်ပုနေ၏။

ဆံရစ်ဝိုင်းလေးနှင့် သူ့ဟန်ပန်ကိုကြည့်ရင်း မှုန်ရွှေရည် ဇာတ်ကားထဲမှ မင်းသားကြီးဝင်းဦးနှင့် သမီးငယ်အဖြစ် သရုပ်ဆောင်ခဲ့သူ စန္ဒာလင်းကို ပြေး၍မြင်ယောင်မိတော့သည်။ သူ့ခမျာ ကချင်ရှာလွန်း၍ အဖေဖြစ်သူ မမြင်အောင် ဇာတ်စင် ထောင့်မှနေ၍ ခိုးကခဲ့ရသည့်အဖြစ်။ တကယ်တမ်း ကခွင့်ရသောအချိန်၌ အမေခင်သန်းနု၏ ခြေရာကို နင်း၍ ကွေးနေအောင် ကသွားတော့သည်။ မှုန်ရွှေရည်သည် ကျွန်တော့်အတွက် ဘယ်သောအခါမျှ ရိုးမသွား။

ယခုလည်း အကဝါသနာပါသော ကဒူးတိုင်းရင်းသူ မချိုဝင်းလေးအတွက် ကခွင့်ရရန် အကြောင်းဖန်လာသည်။ ဖိတ်ကြားထားသော ယဉ်ကျေးမှုအဖွဲ့ အားလုံးကိုယ့်ရိုးရာ အကတစ်မျိုးစီ ပါလာကြ၏။ ကဒူးတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တွင်ပါမလာ။ တိုင်းရင်းသားတို့၏ ရိုးရာအကများကို အတာရေသဘင်မဏ္ဍပ်များတွင် ထုတ်ဖော်ကပြခွင့်ရသည်။ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့ကလည်း ရိုက်ကူးထုတ်လွှင့်ပေးသည်။ ဤသို့ဆိုလျှင် ကဒူးတိုင်းရင်းသားအဖွဲ့ မျက်နှာငယ်ရပေတော့မည်။ မည်သို့မည်ပုံ စီစဉ်ပေးကြမည်နည်း။

နည်းလမ်းတစ်ခုတော့ရပေပြီ။ ကဒူးအိုးစည်အက၊ ထိုအကကို မချိုဝင်းလေး ကတတ်သည်။ သို့သော် ကျန်ကဒူးတိုင်းရင်းသားများက အိုးစည်မတီးတတ်။ ဒါလည်း ပြဿနာမရှိ။ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ တိုင်းရင်းသား ရိုးရာကပွဲ ခန်းမဆောင်တွင် မြန်မာ့ဆိုင်းဝိုင်းကြီးကို ဦးဆောင်တီးမှုတ်နေသော ရွာစားကျော် မောင်ဗိုလ်ရှိုင်းတို့အဖွဲ့က ကူညီမည်။ သည်ကလေးကလည်း မြန်မာ့ဆိုင်းဝိုင်းကြီးအတီးပညာတွင် သက်ငယ်တန်း ဆို၊က၊ရေး၊တီး ပြိုင်ပွဲများ၌ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဆုတံဆိပ်များစွာရခဲ့ဖူးသူဖြစ်၏။ တာဝန်ရှိသူများက ထိုသို့ တွဲဖက်စီစဉ်ပေးလိုက်သောအခါ "ကဒူးတို့ဌာနီ၊ ရွှေအိုးစည်" အကဖြင့် ဖျော်ဖြေခွင့်ရသွားသည်။ ကဒူးတိုင်းရင်းသား၊ တိုင်းရင်းသူအားလုံးက ကျေးဇူးတင်ဝမ်းမြောက်ကြ၏။ မောင်ဗိုလ်ရှိုင်းတို့အုပ်စုလည်း ရက်သတ္တတစ်ပတ်ခန့် ကဒူးလေးတွေဖြစ်ကုန်ကြသည်။

နောက်တစ်ခုတင်ပြလိုသည်မှာ မွန်တိုင်းရင်းသား လေ့လာရေးအဖွဲ့ဖြစ်၏။ ခါတိုင်းနှစ်တွေမှာတော့ သင်္ကြန်တွင်း ကာလ၌ လေ့လာရေးအဖွဲ့ ရောက်မလာတတ်။ ယခုနှစ်တွင်မူ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဖိတ်ကြားထားချက်အရ မွန်ပြည်နယ်ရေးချောင်းဖျားဒေသမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ၅၂ ဦးရောက်ရှိလာကာ ဧပြီလ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိ နေထိုင်လေ့လာသွားကြသည်။

နန်းမြင့်မျှော်စင်နှင့် ရဝမ်တိုင်းရင်းသူတို့ အလှချင်းပြိုင်။

ကဒူးတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စာရေးသူတို့ အမှတ်တရ။

သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန်အတွက် ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့လည်း ရောက်ရှိနေသည်။ ထို့အတူ တနင်္သာရီတိုင်း၊ ချောင်ချိ (အေးမွန်သာ)ဒေသမှ ဖိတ်ကြားထားသူများကလည်း မွန်တိုင်းရင်းသား၊ တိုင်းရင်းသူများဖြစ်နေကြ၍ တိုက်တိုက်ဆိုင်ဆိုင် မွန်သုံးဖွဲ့ဆုံသော နှစ်ဖြစ်သည်။ အလားတူ ကယားပြည်နယ် မော်ချီးဒေသမှ ကရင်နှင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲဒေသမှ ကရင်တို့နှစ်ဖွဲ့ဆုံကြသည်။ စစ်ကိုင်းတိုင်း အတွင်းမှပင် နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကဒူးတိုင်းရင်းသား၊ တိုင်းရင်းသူများနှစ်ဖွဲ့ပါသည်။ ယခင်နှစ်များတွင်လည်း ကချင်ပြည်နယ် အင်းတော်ကြီးဒေသမှ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကရင်ပြည်နယ် မြဝတီဒေသအတွင်းမှ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ စသည်ဖြင့် ပါလာတတ်သည်။

ဤသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းတစ်ခုစီမှာလည်း တိုင်းရင်းသား လူမျိုးများအတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်လျက်ရှိကြပြီး ပြည်ထောင်စုငယ်လေးများသဖွယ် ဖြစ်တည်နေကြောင်း ထင်ရှားစွာဖော်ညွှန်းပြသနေသည့် ပြယုဂ်ပင်တည်း။

ရေးချောင်းဖျားဒေသ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များ အနေဖြင့် ရန်ကုန်၊ သန်လျင်၊ ကျောက်တန်းဒေသများမှ တန်ခိုးကြီးဘုရားများ ဖူးမြော်ခြင်း၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းတို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကြီးတွင်လည်း ပါဝင်ဆင်နွှဲခွင့်ရသွားကြသည်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ၌ ဖွင့်ပွဲအခမ်းအနား ဇာတ်တိုက်လေ့ကျင့်သည့်နေ့တွင် တိုင်းရင်းသားရိုးရာအကများကို လာရောက်ကြည့်ရှုအားပေးရင်း မန်းတောင်ရိပ်ခို သီချင်းဖြင့် ပြန်လည်ကပြဖျော်ဖြေခဲ့ကြသည်။ ထိုသို့ကပြအပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက မွန်တိုင်းရင်းသားလေ့လာရေးအဖွဲ့အတွက် ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။ အလားတူ ပွဲတော်ကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန အတာရေ သဘင်မဏ္ဍပ်သို့ သွားရောက်၍ ကြည့်ရှုအားပေးရင်း ကပြဖျော်ဖြေခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မွန်တိုင်းရင်းသားလေ့လာရေးအဖွဲ့အတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ ခရစ်နှစ် ၂၀၀၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးတွင် ဂျိန်းဖော၊ ရဝမ်၊ ကိုးကန့်၊ "ဝ"၊ အခါ၊ ယွန်း၊ ရှမ်း၊ ပအိုဝ်း၊ ကယန်း၊ မွန်၊ ကရင်၊ သက်၊ ကဒူးနှင့် နာဂ တိုင်းရင်းသား၊ တိုင်းရင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ မြန်မာ့ရိုးရာသင်္ကြန် ယိမ်းအကများ၊ တိုင်းရင်းသား ရိုးရာအကများဖြင့် ဝင့်ဝင့်ထည်ထည် တင်ဆက်ကပြခဲ့ကြသည်။

ရက်ပေါင်း ၂၀ နီးပါးမျှ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ အတူကခဲ့ကြသည်။ ရိုးရာဓလေ့များဖလှယ်ခဲ့ကြသည်။ တစ်ဦး၏ရိုးရာဂီတကို တစ်ဦးက စိတ်ဝင်တစား ကိုင်တွယ်သင်ယူတီးခတ်သည်။ တစ်ဦး၏ ဘာသာစကားကို တစ်ဦးကလေ့လာသည်။

သင်္ကြန်ပွဲတော် ကာလတိုလေးတစ်ခုအတွင်းမှာပင် ပြည်ထောင်စုငယ်လေးတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ခြင်း မည်ပါ၏။ ထိုကာလအတွင်း ဖြစ်တည်ခဲ့သော ချစ်ခင်ရင်းနှီးမှုသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော ရလဒ်တစ်ခုလည်း ဖြစ်ပါ၏။ စင်စစ်သော်ကား အေးမြသန့်စင်သော အတာရေပက်ဖျန်းမှုနှင့်အတူ လက်တွဲညီညီ သီဆိုဟစ်ကြွေးခဲ့သည့် မန်းတောင်ရိပ်ခို (မြနန္ဒာ) သည် နောင်နှစ်ပေါင်းများစွာတိုင် တိုင်းရင်းသားတို့၏ နှလုံးအိမ်၌ ရစ်ပတ်နှောင်ဖွဲ့နေမည်သာ။ ။

ကယားပြည်နယ် မော်ချီးဒေသမှ ကရင်တိုင်းရင်းသူကလေးများ။

ပအိုင်းတိုင်းရင်းသူကလေးများ

ကျောက်တစ်လုံးဒေသမှ ပအိုဝ်းတိုင်းရင်းသူလေးများက ဤသို့ ပျော်ပျော်ရွှင်ရွှင်။

ဧပြီ ၂၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ ဆင်ခြေဖုံးဒေသ၏ လမ်းတစ်လမ်းတွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ အသွင်ကူးပြောင်းရေးကာလ၌ ကုလသမဂ္ဂ အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်ဟု ပြင်သစ်ပြောကြား

ပါရီ ဧပြီ ၂၄

ပြင်သစ်နိုင်ငံက အီရတ်နိုင်ငံသို့တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း၊ သို့ရာတွင် အီရတ်အစိုးရအဖွဲ့သို့ အာဏာလွှဲပြောင်းပေးအပ်ပြီးနောက် အီရတ်တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့အား လေ့ကျင့်သင်တန်းပေးရာတွင် အကူအညီပေးရန် အဆင်သင့်ရှိကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး အီလီယော့မာရီက ပြင်သစ်သတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။

အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များထံမှ ယာယီအစိုးရအဖွဲ့သို့ အုပ်ချုပ်မှုလွှဲပြောင်းပေးရေး လုပ်ငန်းစဉ်သည် ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်ပြီး ယင်းအသွင်ကူးပြောင်းရေးကာလတွင် ကုလသမဂ္ဂအနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သင့်ကြောင်း အီလီယော့မာရီ၏ပြောကြားချက်အား ပြင်သစ်သတင်းစာ လီပါရီရှန်က ဖော်ပြသည်။

လက်ရှိနိုင်ငံရေးအခြေအနေအရ ပြင်သစ်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံသို့ စေလွှတ်ရန်မစဉ်းစားနိုင်ကြောင်းဖြင့် ဇွန် ၃၀ သတ်မှတ်ချက်နောက်ပိုင်းတွင် ပြင်သစ်တပ်ဖွဲ့ဝင်များအား အီရတ်သို့ စေလွှတ်ခြင်းပြု မပြုမေးမြန်းရာ၌ အီလီယော့မာရီကပြောကြားသွားသည်။

အီရတ်နိုင်ငံ၏လိုအပ်ချက် အချို့အားဖြည့်ဆည်းနိုင်ပါက မိမိတို့အနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကိစ္စတွင် ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ရှိသည်ဟု ယခင်ကတည်းကပြောကြားခဲ့ကြောင်းဖြင့် မာရီကပြောကြားသည်။ ကာကွယ်ရေးကဏ္ဍတွင် အီရတ်တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့အား မိတ်ဖက်ဂျာမနီနိုင်ငံနှင့် မိမိတို့နိုင်ငံက သင်တန်းပေးလေ့ကျင့်ရာတွင် ကူညီမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လေ့ကျင့်သင်တန်းပေးမှုများကို ဂျော်ဒန်၊ ကာတာနှင့် အာရပ်စော်ဘွားများနိုင်ငံတို့တွင် ပြုလုပ်သွားမည်ဖြစ်သည်ဟု မာရီကထပ်လောင်း ပြောကြားသည်။

အီရတ်ပြည်သူလူထုထံသို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးသည် အရေးကြီးဆုံး ကိစ္စဖြစ်ပြီး ကုလသမဂ္ဂက ယင်းကိစ္စတွင် စစ်မှန်သည့် အဆုံးအဖြတ်ကဏ္ဍမှပါဝင်ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ယင်းအချုပ်အခြာအာဏာကိုလေးစားရန် လိုအပ်ပြီး အီရတ်အစိုးရအဖွဲ့၏ တောင်းဆိုချက်ကို စောင့်မျှော်ရန်ဖြစ်ကြောင်း မာရီက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်တွင် ကုလအခန်းကဏ္ဍ တိုးမြှင့်ရန် ရုရှားပြောကြား

မော်စကို ဧပြီ ၂၅

ကုလသမဂ္ဂက အီရတ်နိုင်ငံအရေးကိစ္စတွင် ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ရေးသည် အီရတ်ပြည်သူလူထု၏ အကျိုးစီးပွားများအတွက် အာမခံရရှိစေနိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား သွားရောက်တိုက်ခိုက်ခဲ့သည့် နိုင်ငံတကာ အပေါင်းပါတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံအတွင်း ဒီမိုကရေစီဆောင်ကြဉ်းရန် ရည်ရွယ်ချက်တစ်ခုသာရှိခဲ့ကြောင်း သမ္မတပူတင်က ယူကရိန်းနိုင်ငံသို့ အလုပ်သဘောဖြင့် အလည်အပတ် သွားရောက်စဉ်အတွင်း ပြောကြားချက်ကို ရုရှားအင်တာဖက်သတင်းဌာနက ကိုးကား၍ဖော်ပြသည်။

ယင်း ဒီမိုကရေစီနှင့် ပတ်သက်၍ အီရတ်ပြည်သူလူထုက ၎င်းတို့၏ကံကြမ္မာအား ၎င်းတို့ကိုယ်တိုင် ဖန်တီးဆုံးဖြတ်သင့်ကြောင်း ပူတင်က ပြောကြားသည်။

ယင်းမှလွဲ၍ အခြားအဓိပ္ပာယ်ဖွင့်ချက်မရှိတော့ကြောင်း၊ ကုလသမဂ္ဂက အီရတ်အရေးကိစ္စတွင် ကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လေလေ လုပ်ငန်းစဉ် ပိုမိုကောင်းလေလေဖြစ်ကြောင်း ပူတင်က ထုတ်ဖော်ပြောကြားသည်။

ကုလသမဂ္ဂပါဝင်ဆောင်ရွက်မှုမရှိဘဲ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ဆက်လက် ထိန်းသိမ်းထားရန် အစီအစဉ်များသည် အကြီးအကျယ် ကျဆုံးရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကျယ်ပြန့်သည့် အီရတ်ပြည်သူလူထု အလွှာအသီးသီးက လက်မခံနိုင်ကြ၍ဖြစ်ကြောင်း အင်တာဖက်သတင်းဌာနက ဆက်လက်ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့ဈေး စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ၊ လူ ၁၃ ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မှ ရှီးယိုက်လူမျိုးများနေထိုင်ရာ ဆင်ခြေဖုံးဒေသရှိ လူစည်ကားရာဈေးကို စိန်ပြောင်း သို့မဟုတ် ရော့ကက်ဒုံးကျည်များဖြင့် အပြင်းအထန်ပစ်ခတ်ရာတွင် အီရတ်နိုင်ငံသား ၁၃ ဦးထက်မနည်း သေဆုံးခဲ့ကြကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

ရှီးယိုက် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါး၏ နိုင်ငံရေးဩဇာရှိသည့် ဆာဒါးမြို့အနီး အာဝါဖောလီဒေသဈေးတွင် ကျည်ဆန်နှစ်ခုထက်မနည်း ကျရောက်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မိမိတို့ရပ်ပြီး စကားပြောနေစဉ် ရော့ကက်ဒုံးကျည်နှစ်စင်း ကျရောက်လာခဲ့ကြောင်း၊ ဒုတိယမြောက် ဒုံးကျည်သည် ဓာတ်ငွေ့အိုးအားထိမှန်ပေါက်ကွဲပြီး မီးအကြီးအကျယ်လောင်ကြောင်း၊ လူသေအလောင်းများနှင့် သွေးကွက်များ နေရာအနှံ့အပြား ပြန့်ကျဲကုန်ကြောင်း အဗ္ဗဒူရာဟင်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒေါသတကြီးဖြစ်နေသည့် ဒေသခံများက သွေးစွန်းနေသည့်အလောင်းများကို ကိုင်တွယ်၍ အခင်းဖြစ်ပွားရာ ရုပ်မြင်သံကြားရိုက်ကူးနေသည့် ဓာတ်ပုံဆရာများအားပြသကာ အမေရိကန်ရဟတ်ယာဉ်များက ဈေးကိုဒုံးကျည်များဖြင့်ပစ်ခတ်ကြောင်း စွပ်စွဲပြောကြားကြသည်။

အမေရိကန်စစ်ဘက်က ယင်းတိုက်ခိုက်မှု သို့မဟုတ် မည်သူ မည်ဝါက ယင်းဒုံးကျည်များ ပစ်ခတ်သည်နှင့် ပတ်သက်၍ ရုတ်တရက် သတင်းမရရှိသေးကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတဘုရှ်ကို မိမိတို့အလိုမရှိကြောင်း၊ ယခုအချိန်အခါသည် ဆက်ဒမ်လက်ထက်ကကဲ့သို့မဟုတ်ကြောင်း သေဆုံးသွားသူ၏ဆွေမျိုးသားချင်းတစ်ဦးက ငိုရင်းပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသူ လူ ၃၀ ရှိကြောင်း၊ အားလုံးမှာ လက်နက်ကြီးကျည်ဆန်နေရာ အနှံ့အပြားတွင် မှန်ထားကြောင်း၊ ၎င်းတို့အထဲမှ ၁၅ ဦးမှာ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရှာဟိအယ်လ်ဆာဒါ ဆေးရုံညွှန်ကြားရေးမှူး အယ်လ်ဇူဘေဒီက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

လုံခြုံရေးစောင့်ကြပ်

ဧပြီ ၂၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှလုံးရောဂါသည် ကမ္ဘာ့ကျန်းမာရေးကို အဓိကခြိမ်းခြောက်နေ

ဝါရှင်တန် ဧပြီ ၂၅

ဈေးပေါပြီး အရည်အသွေးညံ့သော အစားအစာများ၊ စီးကရက်နှင့် မြို့ပြလူနေမှုပုံစံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူသန်းပေါင်းများစွာတို့ကို စောစီးစွာသေစေသော အကြောင်းတရားများဖြစ်သည်ဟု ကျန်းမာရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။

နှလုံးရောဂါသည် တစ်ချိန်က ချမ်းသာသောနိုင်ငံများတွင်သာ ဖြစ်ပွားသော ရောဂါဖြစ်သော်လည်း ယခုအခါ ဆင်းရဲသော နိုင်ငံများတွင်ပါ နှလုံးရောဂါဖြစ်ပွားသူများကို တိုး၍တိုး၍ တွေ့မြင်နေရသည်။

မြို့ပြများတွင် လူဦးရေတိုး၍ များပြားလာလျက်ရှိသည့်အချိန်တွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ပွားမှုများလည်း များပြားလာလျက်ရှိကြောင်း လေ့လာချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုလေ့လာမှုကို နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ် မြေကမ္ဘာအဖွဲ့အစည်းမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြို့ပြနေသူများသည် ဈေးပေါသော အစားအစာများကို စားသုံးကြရပြီး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းယူမှုလည်းနည်းပါးလာကြသည်။ အဝလွန်ခြင်း၊ ဆီးချိုရောဂါဖြစ်ပွားခြင်းနှင့် အခြားသော ရောဂါဖြစ်ပွားစေသည့် အခြေအနေများမှာလည်း မြို့ပြဒေသများတွင် ယခင်ကထက်ပို၍ ဖြစ်ပေါ်လာသည်ကို တွေ့မြင်နေရသည်ဟု အစီရင်ခံစာက ဆိုထားသည်။

ဆေးရွက်ကြီးသောက်သုံးမှု အလေ့အကျင့်မှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုးရိမ်စရာကောင်းလောက်သော အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုအချက်ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများမှာလည်း မှန်မှန်ကြီးဖြစ်ပေါ်နေရာတွင် လူများကို အဓိကအားဖြင့် သေဆုံးစေနိုင်သော အကြောင်းရင်းမှာ နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်သည်ဟု အစီရင်ခံစာကတင်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ၏ အခြေအနေများမှာ အမေရိကန်နိုင်ငံ၏ အခြေအနေနှင့်မတူပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးလိပ်သောက်မှုကို ရှောင်ကြဉ်ရန်၊ ကျန်းမာရေးနှင့် ပြည့်စုံသော အစားအစာများစားရန်နှင့် လေ့ကျင့်ခန်းပြုလုပ်ကြရန်နှိုးဆော်စည်းရုံးသူများမှာ အနည်းငယ်သာရှိကြသည်ဟု ဆိုသည်။

အထက်ဖော်ပြပါ အခြေအနေများကြောင့် ထွက်ပေါ်လာသော ရလဒ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူအတော်များများသည် လုပ်နိုင်ကိုင်နိုင်သော အရွယ်ကောင်းအချိန်ကောင်းမှာ သေဆုံးနေကြရခြင်းပင်ဖြစ်သည်။ ဤသို့ အရွယ်ကောင်းလူရွယ်များ သေဆုံးကြရသည့်အတွက် သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးကို ထိခိုက်စေမည်ဖြစ်သည်။

အမေရိကန်တွင် နှလုံးရောဂါမှာ လူများသေဆုံးရခြင်း၏ နံပါတ်တစ်နေရာမှာ မရှိတော့ပေ။ အသက် ၃၅ နှစ်မှ အသက် ၅၉ နှစ်အရွယ်ရှိ လူများတွင် နှလုံးရောဂါဖြစ်ပွား၍ သေဆုံးရသော နှုန်းထားသည် လူဦးရေ ၁၀၀၀၀၀လျှင် ၁၁၆ ဦးသာရှိသည်။

ရုရှား၌မူ ထိုအသက်အရွယ်၌ နှလုံးရောဂါဖြင့် သေဆုံးရသူများ၏ နှုန်းထားမှာ လူဦးရေ၁၀၀၀၀၀လျှင် ၅၇၆ ဦးအထိရှိသည်။

နှလုံးသွေးကြောရောဂါကို ချမ်းသာသူများနှင့် အသက်အရွယ်ကြီးရင့်သူများ၌သာ ဖြစ်ပွားသောရောဂါအဖြစ် မှတ်ယူထားကြသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နှလုံးရောဂါဖြင့် သေဆုံးနေရသူများကို လေ့လာသောအခါ ၈၀ ရာခိုင်နှုန်းသော သေဆုံးသူများမှာ ဝင်ငွေအနိမ့်ပိုင်းနှင့် ဝင်ငွေအလယ်အလတ်ရှိသူများဖြစ်နေသည်ကို တွေ့ကြရသည်ဟု ဖိလစ်ပိုလေဝီဆင်က ပြောကြားသည်။ ၎င်းသည်ဂျီနီဗာမြို့တွင် အခြေစိုက်သော ကမ္ဘာ့ကျန်းမာရေးဖက်ဒရေးရှင်း၏ ဥက္ကဋ္ဌဖြစ်သည်။

အထက်ပါအစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အလုပ်လုပ်နိုင်သူ လူရွယ်လူငယ်များအကြားတွင် နှလုံးရောဂါဖြစ်ပွားမှုနှုန်းတိုးလာ၍ ကုန်ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေနိုင်သည်ဟူသောအချက်ပင်ဖြစ်သည်။

တောင်အာဖရိကတွင် နှလုံးရောဂါသည်အားလုံး၏ ၄၁ ရာခိုင်နှုန်းသည် အသက်အရွယ်အားဖြင့် ၃၅နှစ်မှ ၆၄ နှစ်အတွင်းရှိကြသူများ ဖြစ်ကြသည်။ အမေရိကန်တွင်မူ နှလုံးရောဂါသည်များ၏ ၇၃ ရာခိုင်နှုန်းမှာ အသက်အားဖြင့် ၇၅ နှစ် အထက်များဖြစ်ကြကြောင်း ကျန်းမာရေးဖက်ဒရေးရှင်းက ခန့်မှန်းသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အီရတ်ရှိ အမေရိကန် စစ်စခန်း ဒုံးကျည်ဖြင့် ပစ်ခတ်ခံရ
ကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံး၊ သေဆုံးသူ ကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၇၁၅ ဦး ရှိပြီဖြစ်

ဘဂ္ဂဒက် ဧပြီ ၂၄

ဘဂ္ဂဒက်မြို့မြောက်ဘက် အမေရိကန် စစ်အခြေစိုက်စခန်းကို ခုခံရေးသမားများက ဒုံးကျည်များဖြင့် စနေနေ့ နံနက်အရုဏ်တက်ချိန်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားသည်။ တစ်ချိန်တည်း၌ပင် ဘဂ္ဂဒက်မြို့ လူစည်ကားရာ ဈေးအတွင်းတွင် ဒုံးကျည်တစ်လုံးထိမှန်ခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံးသွားသည်ဟုဆိုသည်။

အီရတ်နိုင်ငံ ဒေသအများအပြားတွင် ထိုနေ့က တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ အီရတ်လူမျိုး ၁၂ ဦးအထိ သေဆုံးသွားသည်။ တီကရစ်မြို့တွင် အသေခံ ကားဗုံးခွဲခံရခြင်း၊ ဆာဒါးမြို့တွင် ပစ်ခတ်မှုဖြစ်ပွားခြင်းနှင့် ကာဘာလာမြို့များတွင် တိုက်ပွဲများ ဖြစ်ပွားခြင်း စသည်ဖြင့် တိုက်ခိုက်မှုအဖုံဖုံ ဖြစ်ပွားခဲ့သည်။ ကာဘာလာမြို့ တိုက်ပွဲတွင် ရှီးယိုက်များနှင့် ပိုလန်တပ်ဖွဲ့များအကြား အပြန်အလှန် ပစ်ခတ်မှုများ ပေါ်ပေါက်ခဲ့သည်။

မြို့တော်၏ အရှေ့ဘက်ရှိ ဆာဒါးမြို့သည် ရှီးယိုက်လူမျိုးများနေထိုင်ရာ အရပ်ဖြစ်သည်။ ထိုမြို့ကို အမေရိကန် တပ်ဖွဲ့များက စီးနင်းရာမှ တိုက်ပွဲဖြစ်ပွားခဲ့ရာ အီရတ်ပြောက်ကျားတစ်ဦးသို့မဟုတ် နှစ်ဦး သေဆုံးသွားခဲ့သည်။ ထိုဖြစ်စဉ်အတွင်း အမြောက်ဆန်တစ်ခုသည် အီရတ်အမျိုးသမီးငယ်သုံးဦး နေထိုင်ရာ အိပ်ခန်းအတွင်း ကျရောက် ပေါက်ကွဲခဲ့သောကြောင့် အမျိုးသမီးကလေးများမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြသည်ဟုဆိုသည်။

တာဂျီအရပ်ရှိ အမေရိကန် စစ်စခန်းအတွင်းသို့ နံနက်အရုဏ်တက်အချိန်က ၅၇ မမ ဒုံးကျည်နှစ်စင်း ကျရောက် ပေါက်ကွဲသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ရသည်ဟု လေတပ် ဒုတိယဗိုလ်မှူးကြီး ဆမ်ဟာဒ်စပတ်က ပြောကြားသည်။

ဒဏ်ရာရရှိ

တာဂျီမြို့သည် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၁၂ မိုင် အကွာတွင် တည်ရှိသည်။ ထိုမြို့မှာ ယခင်အခါက အီရတ်လေတပ်ဖွဲ့များ အသုံးပြုသော လေတပ်အခြေစိုက် စခန်းတစ်ခုဖြစ်သည်။ လောလောဆယ်တွင် ထိုစခန်းဟောင်း နေရာ၌ အမေရိကန်နိုင်ငံ တက္ကဆက်ဒေသတွင် ဌာနချုပ် ရုံးစိုက်ထားသော အမှတ်(၁) သံချပ်ကာယန္တရားတပ် စစ်ရုံးစိုက်ထားရာ နေရာဖြစ်သည်။ ဖော်ပြပါ ဒုံးကျည်ပေါက်ကွဲခဲ့မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် ခြောက်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အန်ဘာဒေသတွင် ဧပြီ ၁၄ ရက်က ပြောက်ကျားများနှင့် ဖြစ်ပွားသော တိုက်ပွဲ၌ ရရှိခဲ့သည့် ဒဏ်ရာဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။

ယခုလ စောစောပိုင်းမှစ၍ အမေရိကန်မရိန်းတပ်ဖွဲ့များသည် ဖော်လူဂျာမြို့တွင် ဖြစ်ပွားသော ထကြွမှုကို နှိမ်နင်းရန် ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်ခဲ့ကြသည်။ သေဆုံးသွားသူမှာ ဖော်လူဂျာမြို့ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ဟုတ်၊ မဟုတ် ဆိုသော ကိစ္စကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိဟုဆိုသည်။

၇၁၅ဦး သေဆုံး

ယခုနှစ် ဧပြီလတွင် စတင်ဖြစ်ပွားလာသော အီရတ်ထကြွမှုများအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၇ ဦး ရှိသွားပြီဆို၏။ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု အရေအတွက်ကို စစ်ပွဲစတင်ဖြစ်ပွားချိန်မှစ၍ ရေတွက်လျှင် ၇၁၅ ဦး ရှိသွားပြီဖြစ်သည်။

ဒဏ်ရာရသူ ၃၈၆၄ ဦး

ပြီးခဲ့သော သီတင်းပတ် နှစ်ပတ်အတွင်း အီရတ်နိုင်ငံ၌ ဒဏ်ရာရရှိခဲ့ကြသော အမေရိကန် စုစုပေါင်းမှာ ၅၉၅ ဦး ရှိသွားပြီ ဖြစ်သည်။ စစ်ပွဲစတင်သည်မှ ယနေ့အချိန်ထိ ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၃၈၆၄ ဦး ရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဧပြီ ၂၄ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ ဌာနချုပ်မှ မီးခိုးလိပ်များ ထွက်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် ရေနံတင်ပို့မှုလမ်းကြောင်း တိုက်ခိုက်ခံရ ကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘာဆာရာ ဧပြီ ၂၅

အသေခံ ဗုံးဖောက်ခွဲသူများသည် ရေယာဉ်သုံးစင်းဖြင့် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၏ ကမ်းလွန်ရေနံတင်ပို့မှုလမ်းကြောင်းကို တိုက်ခိုက်ရာ အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည်။

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့မှ အခြားတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ရေတပ်အုပ်စု၏ ဘာရိန်းအခြေစိုက် ပဥ္စမမြောက် ရေတပ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး တစ်ဦးက ပြောကြားသည်။ သို့ရာတွင် ယင်းသို့တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံ၏ အဓိက ရေနံတင်ပို့မှုလမ်းကြောင်းကို ထိခိုက်ပျက်စီးမှုမရှိကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံမှ တိုက်ခိုက်မှုများတွင် ကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး

ဘလွန်ဘတ် ဧပြီ ၂၅

အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အီရတ် ၁၈ ဦးတို့ သေဆုံးကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြပါရှိသည်။

သွေးထွက်သံယို အများဆုံးလ

ဧပြီလသည် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံကို လွန်ခဲ့သည့်နှစ် မတ်လအတွင်းက ကျူးကျော်ဝင်ရောက်ပြီးနောက်ပိုင်းတွင် အမေရိကန်နှင့် အပေါင်းပါတပ်များအတွက် သွေးထွက်သံယို အများဆုံးလဖြစ်သည်။

ဒုံးကျည်ဖြင့် ပစ်ခတ်

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် တာဂျီမြို့တွင် အမေရိကန်စစ်စခန်းကို ယမန်နေ့ အရုဏ်တက်ချိန်က ဒုံးကျည်ဖြင့် ပစ်ခတ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီက ဖော်ပြသည်။

အီရတ်နိုင်ငံတောင်ပိုင်း ကွတ်မြို့အနီးတွင် ဒုံးပစ်လောင်ချာဖြင့် အတိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရသွားသည်ဟု ရဲတပ်ဖွဲ့က ကြေညာသည်။ တီကရစ်မြို့ အမေရိကန်၏ စခန်းအနီး ဗုံးဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရသွားသည်။

ဧပြီလအတွင်း သေဆုံးသူပေါင်း

ဧပြီလအတွင်း ယမန်နေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မရိန်းတပ်ဖွဲ့ဝင်ဦးရေမှာ အနည်းဆုံး ၁၀၃ ဦးရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာန စာရင်းများအရ သိရသည်။ ***အင်တာနက်။***

ဧပြီ ၂၄ ရက်က အီရတ်နိုင်ငံ အစ္စကန်ဒီရီယာမြို့တွင် ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသော ကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲတွင် ကန်တို့ ရေဒီယိုဓာတ်သတ္တုကြွလက်နက်များသုံးစွဲ ကိုယ်အင်္ဂါချို့တဲ့ ကလေးငယ်များ အီရတ်တွင် မွေးဖွားလာ

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်စစ်ပွဲအတွင်း အမေရိကန် ဦးဆောင်သော တပ်များက ရေဒီယိုဓာတ်ကြွရောင်ခြည် ထုတ်လွှတ်သော လက်နက်ပစ္စည်းအမျိုးမျိုးကို သုံးစွဲတိုက်ခိုက်ခဲ့ကြသည့်အတွက် ယခုအခါ အီရတ်နိုင်ငံ၌ ကိုယ်လက်အင်္ဂါ ချို့တဲ့သူ ကလေးငယ်များ မွေးဖွားနှုန်း များပြားလာသည်ကို တွေ့ရကြောင်း အာဇာမန် သတင်းစာက ဖော်ပြသည်။

ချို့တဲ့စွာမွေးဖွား

လွန်ခဲ့သောနှစ်လအတွင်း မွေးဖွားသော မှတ်တမ်းများတွင် ကိုယ်လက်အင်္ဂါများ ပုံမမှန်ဘဲ ချို့တဲ့စွာဖြင့် မွေးဖွားလာသော ကလေးပေါင်း ၂၀ ဦးကို တွေ့ရှိခဲ့ရသည်ဟု ဆရာဝန် ကာဆင်မိုဟာမက်အယ်လ်အူဘာဒီက ပြောကြားသည်။ ၎င်းသည် ဒီယာလာဆေးရုံမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။ ထိုမြို့မှာ ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာ အကွာတွင် တည်ရှိသည်။

ယခုကဲ့သို့ ကိုယ်အင်္ဂါချို့တဲ့သော ကလေးများ မွေးဖွားလာရခြင်းမှာ ပတ်ဝန်းကျင် ညစ်ညမ်းမှု အခြေအနေများကြောင့် ဖြစ်ရခြင်းဖြစ်သည်။

သုံးစွဲခဲ့ကြ

ပြီးခဲ့သော စစ်ပွဲအတွင်းက အမေရိကန်များသည် ဓာတ်ကြွရောင်ခြည်များ ထုတ်လွှတ်သော လက်နက်ပစ္စည်းများကို သုံးစွဲခဲ့ကြသည်။ ၎င်းပစ္စည်းများသည် မိခင်ဝမ်းတွင်းရှိ သန္ဓေသားကို ပုံမမှန် မွေးဖွားလာစေနိုင်သော သတ္တိမျိုးရှိကြောင်း ဆရာဝန် အယ်လ်အူဘာဒီက ပြောကြားသည်။

ကုသပေးနိုင်ခြင်းမရှိ

ဆေးရုံများမှာလည်း ဆေးဝါးချို့တဲ့နေကြသောကြောင့် ကလေးမိခင်များကို ကောင်းမွန်စွာ ကုသပေးနိုင်ခြင်း မရှိဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးများပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော နေအိမ် တစ်လုံးအတွင်းမှ အီရတ်အရပ်သားတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၁ ရက်က ဘာဆာရာမြို့တွင် ကားဗုံးများပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၄ ရက်က အီရတ်နိုင်ငံ ဆာမာရာမြို့တွင် စိန်ပြောင်းကျည် ထိမှန်ခံရသော နေအိမ် တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

အီရတ် မြင်ကွင်း

ဧပြီ ၁၉ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပျက်စီးနေသော နေအိမ်တစ်လုံးအတွင်း ရှာဖွေစစ်ဆေးနေသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်တစ်အိမ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၃ ရက်က ဒုက္ခသည် စခန်းတစ်ခုတွင် ဖော်လူဂျာမြို့မှ အီရတ်ဒုက္ခသည်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မုံရွာလေယာဉ်ကွင်းသစ်

နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး ၂၀၀၄ခုနှစ် မတ် ၂၁ရက်က ဖွင့်လှစ်ခဲ့သည့် မုံရွာလေယာဉ်ကွင်းသစ်သို့ ဆင်းသက်လာသော ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်ကြီးတစ်စင်းကို တွေ့ရစဉ်။

ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်လျက်ရှိရာ ပုံတွင် မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။

မြင်းခေါင်းတံဆိပ် ဘိလပ်မြေစက်ရုံ

နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့် ဘိလပ်မြေစက်ရုံများအနက် တစ်ခုအပါအဝင်ဖြစ်သော မန္တလေးတိုင်း ကျောက်ဆည်ဒေသမှ မြင်းခေါင်းတံဆိပ် ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

မြင်းခြံဒီဂရီကောလိပ် အဆောက်အအုံသစ်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများကို တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ပုံတွင် မြင်းခြံဒီဂရီကောလိပ်အဆောက်အအုံသစ်ကို ခေတ်မီလှပစွာ တွေ့ရစဉ်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားညီလာခံ ကျင်းပရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များတွင် တိုင်းရင်းသားလူမျိုးစုံ၊ အသက်အရွယ်စုံပါဝင် ကျန်းမာပျော်ရွှင်စွာ ညီလာခံတက်ရောက်နိုင်ရေး ပြည့်ပြည့်စုံစုံ စီမံထား

➪ **အမျိုးသားညီလာခံမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဦးဆောင်သော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းထုတ်ပြန်ပေးခဲ့ပြီးနောက် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအရပ်ရပ်ကို အချိန်တိုကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြောင်း။

ဖိတ်ကြားထား

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေးကော်မတီတို့ကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ရာ ယခုအခါတွင် အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များကို ဖိတ်ကြားထားပြီးဖြစ်သကဲ့သို့ အမျိုးသားညီလာခံကျင်းပမည့် နေ့ရက်မှာလည်း တဖြည်းဖြည်း အချိန်နီးကပ်လာခဲ့ပြီဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း အမျိုးသားညီလာခံကျင်းပရာတွင် ညီလာခံလုပ်ငန်းများ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရအောင်နှင့်ညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ်များ စိတ်အေးချမ်းမြေ့ ကျန်းမာရွှင်လန်းစွာ တက်ရောက်နိုင်စေရအောင် အမျိုးသားညီလာခံခန်းမကြီးနှင့်တကွ အမျိုးသားညီလာခံကျင်းပမည့် ပရဝဏ်တစ်ခုလုံးကို သန့်ရှင်းသပ်ရပ် သာယာလှပ ခံ့ညားထည်ဝါစေရေးအတွက် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ကြောင်း။

ယင်းသို့ အမျိုးသားညီလာခံကျင်းပမည့် ညီလာခံခန်းမကြီးနှင့်တကွ ပရဝဏ်တစ်ရပ်လုံးကို လိုအပ်သည်များပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပေးခဲ့သော–

- **အစည်းအဝေးခန်းမ ပြင်ဆင်မွမ်းမံမှုကော်မတီ၊**
- **ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကော်မတီ၊**
- **လျှပ်စစ်မီးတိုင်များ အလှဆင်ရေးကော်မတီ၊**
- **တည်ဆောက်ရေးပစ္စည်းများ စုဆောင်းရေးကော်မတီ၊**
- **အဆောက်အအုံ တိုးချဲ့ပြင်ဆင်မွမ်းမံရေးကော်မတီ၊**
- **အားကစားဆိုင်ရာကော်မတီ၊**
- **သက်သာချောင်ချိရေးကော်မတီ၊**
- **ဆက်သွယ်ရေးဆိုင်ရာကော်မတီနှင့်**
- **ဖျော်ဖြေရေးဆိုင်ရာကော်မတီ**

စသည့်ကော်မတီအသီးသီးအနေဖြင့်လိုအပ်သည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ခဲ့ကြသဖြင့် လုပ်ငန်းများ ပြည့်ပြည့်ဝဝဖြစ်ထွန်းနေပြီ ဖြစ်သည်ကိုတွေ့ရကြောင်း။

အသက်အရွယ်စုံ

အမျိုးသားညီလာခံသို့ တက်ရောက်လာမည့်ကိုယ်စားလှယ်များတွင် တိုင်းရင်းသားလူမျိုးစုံ၊ အသက်အရွယ်စုံ ပါဝင်လာမှာဖြစ်ကြောင်း၊ သာဓကအနေဖြင့်ပြောရလျှင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်များပါဝင်နိုင်သလို ဆေးဝါးမှီဝဲရန်လိုအပ်သည့်ပုဂ္ဂိုလ်များ၊ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်ပုဂ္ဂိုလ်များ စသည်ဖြင့် ပါဝင်နိုင်ရာ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရေးအတွက် ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့်ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ပါရဂူသမားတော်ကြီးများဖြင့် ပြည့်စုံသည့်ဆေးရုံတစ်ရုံကို အမျိုးသားညီလာခံကျင်းပရာ ပရဝဏ်အတွင်း၌ တည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ သက်သာချောင်ချိစွာနေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ မှီဝဲနိုင်ရေး၊ သက်သောင့်သက်သာဖြင့် ကျန်းမာပျော်ရွှင်စွာ ညီလာခံတက်ရောက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာကော်မတီအသီးသီးက ပြည့်ပြည့်စုံစုံ စီမံဆောင်ရွက်ထားပြီးဖြစ်သည်ကို တွေ့ရကြောင်း။

အကောင်းဆုံးဖြစ်အောင်

ဤအမျိုးသားညီလာခံကျင်းပရာ ပရဝဏ်ကြီးအတွင်း သစ်လွင်ခံ့ညားထည်ဝါသည့် အမျိုးသားညီလာခံ ခန်းမကြီးနှင့်တကွ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးမည့် အစည်းအဝေးခန်းများ၊ သန့်ရှင်းသပ်ရပ်သည့် အိပ်ဆောင်များ၊ ကျန်းမာရေးအတွက် အားကစားလှုပ်ရှားနိုင်သည့် အားကစားကွင်း၊ အားကစားရုံများ၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေး လုပ်ငန်းများ စသည်ဖြင့် လိုအပ်သည့် အခြေခံများအားလုံးကို တစုတစည်းတည်းပြည့်စုံစွာ တည်ရှိစေရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေကြေးမြောက်မြားစွာ ကျခံသုံးစွဲပြီး အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဤကဲ့သို့ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြည့်ဝစွာ စီမံဆောင်ရွက်ထားပြီးဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကြိုတင်ပြင်ဆင်တည်ဆောက်မှုကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များကို ယနေ့ စုံစုံညီညီတွေ့ဆုံ၍ လုပ်ငန်းများအပြီးသတ် သုံးသပ်စစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့်လည်း အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆောင်ရွက်ပေးရန်များရှိက တင်ပြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး တည်ဆောက်ရေးဆိုင်ရာ ကော်မတီအသီးသီးက ဆောင်ရွက်ပေးထားသည့် ညီလာခံခန်းမ၊ အစုအဖွဲ့အလိုက် အစည်းအဝေးခန်းများ၊ အိပ်ဆောင်၊ စားရိပ်သာဆောင်၊ အားကစားရုံ၊ အားကစားကွင်း၊ သက်သာချောင်ချိရေးဆိုင်၊ ဆက်သွယ်ရေး၊ ဖျော်ဖြေရေးလုပ်ငန်းများ ပြည့်စုံစွာဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တည်ဆောက်ရေးဆိုင်ရာ ကော်မတီအသီးသီးမှဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများကပြည်ထောင်စုခန်းမအပါအဝင် အစည်းအဝေးခန်းမများ၊ ဆက်စပ်အဆောက်အအုံများ မွမ်းမံထားမှုနှင့် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊လျှပ်စစ်မီးတိုင်များ အလှဆင်ခြင်းလုပ်ငန်း၊ အဆောက်အအုံတိုးချဲ့မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ ညီလာခံကိုယ်စားလှယ်များအတွက် အားကစားဆိုင်ရာ လုပ်ငန်းများ၊ သက်သာချောင်ချိရေးလုပ်ငန်း၊ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုခန်းမပြင်ဆင်ထားမှု၊ ညီလာခံကိုယ်စားလှယ်များ၏ အပန်းဖြေဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို လည်းကောင်း၊ သက်သာအရောင်းဆိုင်များဖြစ်ကြသည့် ရန်ကုန်တိုင်း အစိုးရဝန်ထမ်းပေါင်းစုံ(ဂျီအီးစီ) အရောင်းဆိုင်များ၊ ဝင်းသူဇာအရောင်းဆိုင်၊ GHC(သမဝါယမ)ဆေးဆိုင်၊ ဝန်ထမ်းသက်သာဓာတ်ပုံဆိုင်၊ အလှပြင်ဆိုင်၊မြန်မာ့မျက်မှန်ဆိုင်နှင့် ဆက်သွယ်ရေးစခန်းတို့ကိုလည်းကောင်း၊ အားကစားခန်းမ၊ ဆွေးနွေးပွဲခန်းမနှင့် ဆေးရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်နှစ်ပင်ကွင်းစခန်းမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်း အခြေခံနှင့် တန်းမြင့်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ)ရေကြောင်းရဲညွှန့်လောင်းသင်တန်း (ရန်ကုန်စခန်း)၏ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄) များဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရောဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ အဆိုပါသင်တန်းတွင် အခြေခံ သင်တန်းသား၅၀နှင့် တန်းမြင့်သင်တန်းသား ၂၀ တို့ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)နှင့် မုံရွာခရိုင်အတွင်း လမ်းဖောက်လုပ်မှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

စစ်ကိုင်းတိုင်း မုံရွာမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧပြီ ၂၄ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်၌ ကျင်းပသော ငွေသာရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နံနက် ၁၀ နာရီ ၁၅မိနစ်တွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း) လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စက်ရုံခန်းမ၌ လက်ထောက်စက်ရုံမှူး ဦးစိုးဝင်းက ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပင်မစက်ရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် စက်တပ်ဆင်ရန် ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

လမ်းသစ်စစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မုံရွာ-ယာကြီး-ကလေးဝလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းနှင့် ပခုက္ကူ-မုံရွာလမ်းတို့ကို ဆက်သွယ် ဖောက်လုပ်ထားသည့် လမ်းသစ်ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဆိုပါ လမ်းပိုင်းရှိ ယမားချောင်းကိုဖြတ်ကာ ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာနှင့် ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်လျက်ရှိသည့် ယမားချောင်း တံတားတည်ဆောက်ရေး လုပ်ငန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မုံရွာခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား အောင်ချမ်းသာကျေးရွာဘက်ကမ်းရှိ ရှင်းလင်းဆောင်၌ ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က ယမားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုလမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရွဲလမ်းဆုံထိ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ပြည်ထောင်စုလမ်း ဖောက်လုပ်ရေးလုပ်ငန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကျွဲရွဲလမ်းဆုံ ရှင်းလင်းဆောင်၌ တာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က လမ်းအရှည် ၇ ဒသမ ၂၉ မိုင်နှင့် လမ်းအကျယ်ပေ ၇၀ ရှိ ပြည်ထောင်စုလမ်းဖောက်လုပ်မှု လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ပြည်ထောင်စုလမ်းအတိုင်းထွက်ခွာပြီး မုံရွာမြို့ ကန်သာယာရပ်ကွက်နှင့် ဒေါနခြံရပ်ကွက်အကြားရှိ လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကန်သာယာ၌ မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာမြို့အဝင် ဘိုးဘွားရိပ်သာအနီးရှိ ပြည်ထောင်စုလမ်းအစပိုင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖုးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဗောဓိတစ်ထောင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာရဒအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က ဗောဓိတစ်ထောင်မှ မုံရွာ-မန္တလေးကားလမ်း မုံရွေးကျေးရွာ သို့ လမ်းဖောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဗောဓိတစ်ထောင်မှ ထွက်ခွာပြီး မုံရွေး-ဗောဓိတစ်ထောင် လမ်း ဖောက်လုပ်ထားရှိမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မုံရွာမြို့နယ် ကျီးအုပ်ကျေးရွာနှင့် ဘန်စီကျေးရွာအကြား၌ မယ်ပိန်မချောင်းကိုဖြတ်၍ တမံရေကျော် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆက်လက်ထွက်ခွာလာပြီး ဘန်စီကျေးရွာအနီး၌ ကျောက်ခင်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များနှင့်အတူ မုံရွာ-မန္တလေးလမ်းနှင့် မုံရွေး-ဗောဓိတစ်ထောင်လမ်းထောင့်သို့ ရောက်ရှိကာ မုံရွေး-ဗောဓိတစ်ထောင်လမ်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ဆက်လက်ထွက်ခွာလာရာ မန္တလေးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မွန်းလွဲပိုင်းကလည်း မုံရွာမြို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧည့်ဂေဟာသီရိခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးနှင့် တပ်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ တံငါတံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Grammer Made Easy.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅ ၆။ တေးဂီတအစီအစဉ်
၅း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၄၀ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၅း၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇း၁၅ ၁၃။ တေးဂီတအစီအစဉ်
၇း၃၀ ၁၄။ အပန်းဖြေရအောင် ကမ်းခြေငွေဆောင်
၇း၄၀ ၁၅။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၂၇)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော အခြေခံပုံနှိပ်အတတ်ပညာသင်တန်း(၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အောင်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံအတွင်းရှိ ပုံနှိပ်စက်များ၏ အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခြေခံပုံနှိပ်အတတ်ပညာသင်တန်း ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော အခြေခံပုံနှိပ်အတတ်ပညာသင်တန်း(၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးသန်းမောင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေ မန်နေဂျာများ၊ စက်ရုံမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ခုနစ်ဦး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နှစ်ဦး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အောက်ရှိဗဟိုပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဖိုသိုလစ်သို ပုံနှိပ်စက်ရုံတို့မှ ကိုးဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုံးဦးနှင့် လားရှိုးမြို့ရှိ ကိုယ်ပွားသတင်းစာတိုက် ပုံနှိပ်တိုက်ခွဲတို့မှ ငါးဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၆ရက်မှမေ၃၁ရက်အထိဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်အောင်ဆန်း ဂျီတီစီ ပုံနှိပ်စက်ရုံအတွင်းရှိ ပုံနှိပ်စက်များ၏အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်းတွင် ယနေ့ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲနှစ်ပွဲ၊ (၁၀)နှစ်အောက် အမျိုးသားပြိုင်ပွဲရှစ်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှစ်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှစ်ပွဲ ကျင်းပပြီး ညနေပိုင်းတွင် (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ တစ်ပွဲ၊ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲနှစ်ပွဲ၊ (၁၂)နှစ်အောက် အမျိုးသားပြိုင်ပွဲလေးပွဲ၊ (၁၄)နှစ်အောက် အမျိုးသားပြိုင်ပွဲ လေးပွဲ၊ အသက်(၆၀)အထက် အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲနှစ်ပွဲ၊ အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲ နှစ်ပွဲ ကျင်းပခဲ့သည်။

ယခု အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၃မျိုးကိုထည့်သွင်း ကျင်းပလျက်ရှိပြီး ပြိုင်ပွဲကို မေ ၁ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို သိမ်ဖြူတင်းနစ်အားကစားကွင်းတွင် ဆက်လက်ကျင်းပရာ အမျိုးသား အသက်(၁၀) နှစ်အောက်ပြိုင်ပွဲ၌ ပြည့်ဖြိုးနိုင်၏ ကစားဟန်။

(ကြေးမုံ)

မလေးရှား အပြည်ပြည်ဆိုင်ရာ အစားအစာ ပြပွဲအကြောင်း ရှင်းလင်းဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင် ၁၅ ရက်မှ ၁၇ရက်အထိ ကျင်းပမည့် မလေးရှားအပြည်ပြည်ဆိုင်ရာ အစားအစာနှင့် အဖျော်ယမကာ အမျိုးမျိုးပြပွဲအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် TTF (Yangon) Co., Ltd.မှ မန်နေဂျင်း ဒါရိုက်တာ Mr. Anant Prasertsit တို့က အမှာစကားပြောကြားပြီး Expomal Network Sdn Bhd မှ မန်နေဂျင်း ဒါရိုက်တာ Mr. L. S Chan က မလေးရှား အပြည်ပြည်ဆိုင်ရာ အစားအစာနှင့် အဖျော်ယမကာအမျိုးမျိုးပြပွဲအကြောင်းကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

မဟာစည်ရာပြည့်အကြို ဓမ္မသာလာရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲအကြို ပူဇော်သောအားဖြင့် မဟာကုသလကာရီ ဓမ္မသာလာအဆောက်အအုံရေစက်ချပွဲနှင့် (၁၅)ကြိမ်မြောက် ထာဝရဆွမ်းပဒေသာပင် အပင် ၁၀၀၀ပြည့် ရေစက်ချ လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်နေ့ (မေ ၃ရက်) တနင်္လာနေ့ နံနက် ၉နာရီတွင် အမှတ် (၁၆)သာသနာ့ရိပ်သာလမ်း၊ မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏(၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ တတိယနေ့(နောက်ဆုံးနေ့)တွင် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ တတိယနေ့(နောက်ဆုံးနေ့)အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပရာ နံနက် ၁၁နာရီတွင် ညီလာခံအောင်မြင်စွာ ပြီးစီးသွားသည်။

တက်ရောက်

ညီလာခံသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်း မြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင် များ တက်ရောက်ကြသည်။

ညီလာခံတွင် သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နွယ်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီဝင်များက မိမိတို့ပြည်နယ်၊ တိုင်းများအလိုက် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်း ဆွေးနွေးအကြံပြုကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင် ဝင်းရွှေနှင့် သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးတို့က လိုအပ်သည် များကို ပြန်လည်ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြသည်။

အတည်ပြု

ဆက်လက်၍ သဘာပတိ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ညီလာခံ က ချမှတ်သည့် ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ် များကို ဖတ်ကြားရှင်းလင်းတင်ပြပြီး သဘာပတိက ညီလာခံ၏ အတည်ပြု ချက်ကို ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိဂုံးချုပ် အမှာစကားပြောကြားပြီး နံနက် ၁၁နာရီတွင် ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

သဘာပတိ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ် မြောက် နှစ်ပတ်လည်ညီလာခံ တတိယနေ့ (နောက်ဆုံးနေ့)တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာကြည်စိုး သဘာပတိ အဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ဗိုလ်တထောင်စာပေနှင့် စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး ပထမအကြိမ် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် သက်ကြီး ပူဇော်ပွဲနှင့် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝိုင်အမ်စီအေ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း) နှင့် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါ်တင်မွှေး(မွှေးငယ်ငယ်)တို့က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)နှင့် ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးတို့က အမှာစကား ပြောကြားကြပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်စိုး(ကွမ်း၊ ပေါင်းတည်)တို့ကဖတ်ကြားကာ အစည်းအဝေးက အတည်ပြုသည်။

ဆက်လက်၍ ပထမအကြိမ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ပွဲ ကျင်းပရာ ကန်တော့ခံပုဂ္ဂိုလ် ဦးအောင်မြင့်၊ ဒေါ်မိမိဆွေ၊ ဦးအောင်ဆု၊ ဦးတင်ထွန်းနှင့် ရာမဦးအုန်းမောင်တို့အား စာပေစာနယ်ဇင်းအဖွဲ့ဝင်များက ကန်တော့ကြသည်။ (ကြေးမုံ)

အမှာစကား ပြောကြား

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးတွင် ဗိုလ်တထောင်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြအေး အမှာစကား ပြောကြားစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  ....**Measures of Location**
  (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဏ်ကျယ်လေး" (အပိုင်း-၁၄)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်" (မိခင်သစ္စာ) (အပိုင်း-၁)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၄-၂၀၀၄)

ရမည်းသင်း- ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး - ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)
မကွေး - ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ သင်္ဘောသားအကူအခြေခံသင်တန်းဖွင့်ပွဲနှင့် မိုးလေဝသအစည်းအဝေး တက်ရောက်

ရန်ကုန် မေ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သင်္ဘောသားအကူ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မြသီတာရေယာဉ်ပေါ်ရှိ သက္ကဒါန်ရေပေါ်သင်တန်းကျောင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဝန်ကြီးဌာနအောက်ရှိလုပ်ငန်းနှင့် ဌာနများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအောက်ရှိ စက်ရှိ၊ စက်မဲ့ရေယာဉ်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် ပြင်ပမှ သင်တန်းသားသစ်များခေါ်ယူ သင်တန်းပေးခြင်းဖြစ်ပြီး သင်တန်းသားဦးရေမှာ ၉၃ဦး ဖြစ်သည်။ သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်သည်။

မိုးလေဝသ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကမ္ဘာအေး စေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ချုပ်လုပ်ငန်းသုံးသပ်ချက်နှင့် ၂၀၀၄-၂၀၀၅ ခုနှစ် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စံလှသော်နှင့် ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ အရာထမ်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး အဆိုပါ အစည်းအဝေးကို ယနေ့မှ မေ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မိုး သတိပြု

မေ ၁၅ရက်က ဘရူနိုင်းနိုင်ငံရောက် သဒ္ဓါဝေစည် မြန်မာမိသားစုကုသိုလ်တော်အဖွဲ့မှ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ငွေပဒေသာပင်တို့အတွက် အလှူငွေကျပ်၄၄၆၃၉၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး သင်္ဘောသားအကူ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြသီတာရေယာဉ်ပေါ်ရှိ သက္ကဒါန်ရေပေါ် သင်တန်းကျောင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ အဖွင့် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့အဆောက်အအုံဖွင့်ပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲ တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ အဆိုပါ တိုးချဲ့အဆောက်အအုံ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ သတင်းတပ်ဖွဲ့မှူးနှင့် သတင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအစီအစဉ် ပထမပိုင်းကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံရှေ့တွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ အတွင်းရေးမှူး သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ် သက်ထွဋ်တို့က ဖဲကြိုးဖြတ်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့အဆောက်အအုံကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး၏ မြေညီထပ်ဓာတ်ပုံရိုက်ခန်း၊ ပထမထပ်စာအုပ်ထုတ်ပေးခန်း၊ ဒုတိယထပ်ရှိ ဌာနခွဲမှူးရုံးခန်းနှင့် တတိယထပ် မြန်မာနိုင်ငံကူး လက်မှတ်လျှောက်လွှာလက်ခံခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံဖွင့်ပွဲ အစီအစဉ်ဒုတိယပိုင်းကို စတုတ္ထထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တင်ပြ

ရှေးဦးစွာ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ် သက်ထွဋ်နှင့် ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လတ်တို့က မရမ်းကုန်းမြို့နယ် အောင်သပြေ ရဲရိပ်သာဝင်းရှိ သတင်းတပ်ဖွဲ့၊ မှတ်တမ်းရုံး ငါးထပ်အဆောက်အအုံနှင့် ယခုဖွင့်လှစ်သော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့အဆောက်အအုံတို့ကို တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မှတ်တမ်းရုံး ငါးထပ်အဆောက်အအုံမှာ အလျား ပေ ၉၀၊ အနံ ၃၅ပေ၊ အမြင့် ၅၅ပေရှိပြီး ၂၀၀၁ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံမှာ အလျားပေ ၆၀၊ အနံ ၃၉ပေ၊ အမြင့် ၇၄ပေရှိပြီး ၂၀၀၃ခုနှစ် ဇွန် ၁၀ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၄ခုနှစ် ဧပြီ၉ရက်တွင်လည်းကောင်း အချောသပ်ပြီးစီးခဲ့ကြောင်း၊ မှတ်တမ်းရုံး ငါးထပ်အဆောက်အအုံအတွက် ငွေကျပ် ၄၁၅ သိန်း၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့ အဆောက်အအုံအတွက် ငွေကျပ် သိန်း ၈၀၀ကျော် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ တိုးချဲ့ဆောက်လုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူ ပြည်သူများအနေဖြင့် လျှောက်လွှာတင်ခြင်းနှင့် မြန်မာနိုင်ငံကူးလက်မှတ် စာအုပ်ထုတ်ယူခြင်းကို လွယ်ကူလျင်မြန်စွာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဆောင်ရွက်နိုင်ခြင်း၊ မြန်မာနိုင်ငံကူး လက်မှတ်လျှောက်ထားသူများ၏ ကိုယ်ရေးမှတ်တမ်းများကို စနစ်တကျထားသို သိမ်းဆည်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားကြရမည် ဖြစ်ကြောင်း တင်ပြကြပြီး ဝန်ကြီးက နိုင်ငံကူးလက်မှတ် လျှောက်ထားသူ ပြည်သူများအတွက် လွယ်ကူချောမွေ့စွာ စိတ်စေတနာထား၍ ဆောင်ရွက်ပေးရေး၊ လျင်မြန်စွာ ထုတ်ယူရရှိရေး၊ ပြေပြစ်စွာ ဆက်ဆံပြောဆိုရေးတို့ကို မှာကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဖိတ်ကြားထားသူများသည် မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး၏ အမှုစစ်အရာရှိများ အခန်း၊ ကြော်ငြာသင်ပုန်းများ ထားရှိသည့် အခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

လွယ်ကူလျင်မြန်

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးသည် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအား ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ပါက လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအနေဖြင့်လည်း ကိုယ်တိုင်ဝန်ထမ်းများနှင့် မေးမြန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပွဲစားများမှ တစ်ဆင့် မမှန်မကန် ဆောင်ရွက်ခဲ့သူများအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိသည်။(သတင်းစဉ်)



မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ အတွင်းရေးမှူး သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တာယာအရောင်းကိုယ်စားလှယ် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၂၆

ဂျပန်နိုင်ငံ Yokohamaတာယာ၏ မြန်မာနိုင်ငံ ကိုယ်စားလှယ် Tyre World Co., Ltd (အနော်ရထာ တာယာ)နှင့် စင်ကာပူနိုင်ငံ Y. H. I Corporation တို့ ပူးပေါင်းစီစဉ်မှုဖြင့် Yokohama တာယာအရောင်း ကိုယ်စာလှယ်များအား ဂုဏ်ပြုပွဲနှင့် ၂၀၀၃ ခုနှစ် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ Yokohama Tyre Corporation နှင့် စင်ကာပူနိုင်ငံ Y.H.I Corporation တို့မှ တာဝန်ရှိသူများ၊ Tyre World Co., Ltd ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်စိန်၊ ဒါရိုက်တာများဖြစ်ကြသည့် ဒေါ်သန်းကြည်၊ ဦးမောင်မောင်လွင်၊ ဦးမောင်မောင်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အရောင်းကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် Tyre WorldCo.,Ltd ဥက္ကဋ္ဌ ဦးမောင်မောင်ခင် **(ယာပုံ)**၊ ဂျပန်နိုင်ငံ Y.R.C Corporation မှ GeneralManager. Mr. Takashi Kuneida နှင့် စင်ကာပူနိုင်ငံ Y.H.I Corporation မှ Mr. Tay Tian Guan တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ၂၀၀၃ ခုနှစ်အတွက် Yokohama တာယာ ရောင်းအား အကောင်းဆုံးဆုရ အရောင်းကိုယ်စားလှယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ဧည့်သည်တော်များအတွက် ကံစမ်းမဲဖောက်ပေး၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (က-ပ)

တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနား ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်မောင်ထွန်းနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင်ဆန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသားများ တက်ရောက်ကြသည်။

လက်တွဲပါဝင်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လေကြောင်း ရဲညွှန့်လောင်း အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့တွင် တက်ရောက်သင်ကြားကြမည့် သင်တန်းသားများအနေဖြင့် သင်တန်းက ပို့ချသင်ကြားပေးမည့် လေကြောင်းဘာသာရပ်ဆိုင်ရာ အသိပညာ၊အတတ်ပညာများကို စိတ်ပါဝင်စားစွာ လေ့လာဆည်းပူးသင်ယူပြီး ထူးချွန်ထက်မြက်သည့် သင်တန်းသားများဖြစ်အောင် ကြိုးစားအားထုတ်ရေး၊ တပ်မတော်(လေ)က သင်ကြားပေးမည့် အခြေခံကောင်းများကို ရယူပြီး အာကာသသိပ္ပံသိပ္ပံပညာရှင်များဖြစ်သည်အထိ ကြိုးစားအားထုတ်ကြရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို တပ်မတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်မောင်ထွန်းက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

ယနေ့ ဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းတွင် သင်တန်းသား ၅၀ ဦးနှင့် တန်းမြင့်သင်တန်းတွင် သင်တန်းသား ၂၅ ဦးတို့ တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် တပ်မတော်ချစ်ကြည်ရေးအဖွဲ့ ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိလာရာ သူရဲကောင်းစစ်သည်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ငယ်ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းစစ်သည်များအား ပန်းခြင်းချ အလေးပြုကြပြီး ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc က သူရဲကောင်းစစ်သည်ဗိမာန် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်ကို သွားရောက်ဂါရဝပြုကြသည်။

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်က ပြတိုက်အတွင်းရှိ ပြခန်းများအလိုက် လှည့်လည်ရှင်းလင်းပြသသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်ကို သွားရောက်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စေတီတော်သမိုင်းနှင့် သာသနိက အဆောက်အအုံများအကြောင်းကို လှည့်လည်ရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)



ပန်းခြင်းချအလေးပြု

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor,ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းစစ်သည်ဗိမာန်တွင် သူရဲကောင်းစစ်သည်များအား ပန်းခြင်းချ အလေးပြုကြစဉ်။

(သတင်းစဉ်)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲနှင့် ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀)ဖြစ်သည်။

သဃ်န်းကျွန်း စာပေစာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့၏ ၂၀၀၃-၂၀၀၄ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၅ရက် မွန်းလွဲ ၂နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း၊ မြန်မာနိုင်ငံသား)က အဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဒေါ်ချိုချိုတင်(မစန္ဒာ)နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက်နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ကြည်(ရေနံ့မြေမောင်မောင်ကြည်)က လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းမြင့်[ယုဝတီသဇင်(ဗန်းမော်)] တို့က လည်းကောင်း ရှင်းလင်းဖတ်ကြားကြသည်။

ထို့နောက် အဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ဒုတိယဥက္ကဋ္ဌ ဦးစိန်ညွှန့်(မောင်နေမျိုး)က ရှင်းလင်းပြောကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၅၀၆)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမက(၂၃)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ဧပြီ ၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဘညွှန့်က ကျောင်းသူမဝိုင်းသီရိကျော်အား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကန်ရိပ်သာလမ်း အမှတ် ၁၂(က)နေ ဦးကျော်ခင်၊ ဒေါ်သန်းဌေး မိသားစုတို့က ဒေါ်သန်းဌေး၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ဧပြီ ၁၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့် ဝန်ကြီး ဦးသန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၆

ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရန်နှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်မှု စွမ်းရည်မြှင့်တင်ရန်ရည်ရွယ်၍ တိုက်ရိုက်ထုတ်လွှင့်ပို့ချပေးမည့် အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပညာရေးရုပ်မြင်သံကြားရိုက်ကူးရေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်သင်ယူ

ဖွင့်ပွဲအခမ်းအနား အစီအစဉ် ထုတ်လွှင့်အပြီးတွင် သင်တန်း ပို့ချချက်များကို ဆက်လက်ထုတ်လွှင့်ပေးရာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ အီလက်ထရွန်နစ် သင်ယူမှုဌာန (e- Education Learning Centre) ၄၅၅ခုတွင် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သင်ယူကြသည်။

အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှု သင်တန်းကို ဧပြီ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ရက်များတွင် နေ့စဉ် နံနက် ၉နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ တစ်ကြိမ် ထုတ်လွှင့်ပို့ချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အီလက်ထရွန်နစ်နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက်ထုတ်လွှင့်မည့်အစီအစဉ်
၂၉-၄-၂၀၀၄ (ကြာသပတေးနေ့)

Day -4

စဉ်	အချိန်	ပို့ချမည့် အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	[illegible]	[illegible]	၁၀မိနစ်	
၂။	[illegible]	[illegible]	၃၀မိနစ်	[illegible] DEPT
၃။	[illegible]	[illegible]	၅မိနစ်	
၄။	[illegible]	[illegible]	[illegible]	[illegible] DEPT
၅။	[illegible]	[illegible]	၅မိနစ်	
၆။	[illegible]	[illegible]	[illegible]	[illegible] DEPT
၇။	[illegible]	[illegible]		
		[illegible]	၅မိနစ်	
၈။	[illegible]	နေ့လယ်စာစားချိန်		
၉။	[illegible]	[illegible]	[illegible]	[illegible] DBE(1)
၁၀။	[illegible]	[illegible]	[illegible]	
၁၁။	[illegible]	[illegible]	[illegible]	[illegible] DBE(1)
၁၂။	[illegible]	[illegible]	၅မိနစ်	
၁၃။	[illegible]	[illegible]	[illegible]	[illegible] DBE(3)
၁၄။	[illegible]	[illegible]	[illegible]	
၁၅။	[illegible]	[illegible]	[illegible]	[illegible] DBE(1)
၁၆။	[illegible]	[illegible]	[illegible]	
၁၇။	[illegible]	[illegible]	[illegible]	[illegible] DEPT
၁၈။	[illegible]	- Post-Test [illegible]	၁၀မိနစ်	
၁၉။	[illegible]	[illegible]		

တတိယအကြိမ်စာပေညီလာခံအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် မေလတွင် ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် ကောင်းသန့်စာပေမှ ငွေကျပ် တစ်သိန်းငါးသောင်း၊ တန်ဖိုးရှိ သုတရသ စာအုပ် ၆၅၀၊ ရန်ကုန်တိုင်း ဒုတိယရဲမှူးကြီးဝင်းမြင့်(ရဲခေါင်ဝင်း-ကျိုက္ကော်) မိသားစုက ငွေကျပ် ၃၀၀၀၀၊ စာရေးဆရာမ နီနီက ငွေကျပ် ၂၀၀၀၀၊ မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၅၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ စာရေးဆရာ အောင်လံ-ဆိုးပေက ငွေကျပ် ၃၀၀၀၊ စာရေးဆရာ ဦးငြိမ်းအောင်က ငွေကျပ် ၃၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူက လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၅၂၉)၊ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ်၊ ဖုန်း- ၂၅၄၁၇၃၊ ၂၅၂၄၁၇သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်က ပို့ဆောင်ရေးကို အနိုင်ရ

ရန်ကုန် ဧပြီ ၂၆

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲကို ယနေ့ ပြန်လည်ကျင်းပရာ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင် ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း -ငါးဂိုး
(စိုးမြတ်မင်းနှင့် ရန်ပိုင်-နှစ်ဂိုးစီ၊ အောင်ကျော်မိုး-တစ်ဂိုး)။
ပို့ဆောင်ရေး(က)အသင်း -သုံးဂိုး
(ဝင်းမင်းထွန်း၊ ထက်အောင်နှင့် မောင်ယော့စ်-တစ်ဂိုးစီ)
အကောင်းဆုံးဆု-
မောင်မောင်မြင့်(ပို့ဆောင်ရေး)
ဒိုင်လူကြီး -(ဦးသိန်းမြိုင်)

ချန်ပီယံဘွဲ့

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းသည် ယနေ့ပွဲတွင် ပို့ဆောင်ရေးအသင်းကို အကြိတ်အနယ်ကစားကာ အနိုင်ရရှိလိုက်သဖြင့် ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းရန် ပို၍ အလားအလာ ကောင်းသွားသည်။ ပို့ဆောင်ရေးအသင်းမှာ လက်ရှိရရထားသော အဆင့် (၄)ထက် အဆင့်တက်ရန် ဘဏ္ဍာ/အခွန်ကို အနိုင်ရရေးရှိသမျှ အစွမ်းကုန် ညှစ်ကစားသော်လည်း ခြေအရမရှိသော်လည်း ဂိုးအရ အရှုံးဖြင့်သာ ရင်ဆိုင်လိုက်ရသည်။

အဖွင့်ဂိုး

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးစားသော်လည်း ကစားကွက်မမိဖြစ်နေကြ၍ ပွဲမှာ အေးသယောင်ရှိခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းက ပိုဖိကစားနိုင်သော်လည်း တိုက်စစ်ဆင်ရာ၌ အချိတ်အဆက် လွဲနေ၍ အဖွင့်ဂိုးကို မိနစ် ၃၀ကျော်မှရရှိခဲ့သည်။ ၃၅ မိနစ်တွင် ထွန်းထွန်းဝင်းပေးသော ဘောလုံးကို အောင်ကျော်မိုးက မနားတမ်း ကန်သွင်းခဲ့သဖြင့် ပထမပိုင်း အပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ပို့ဆောင်ရေးက အရှုံးဂိုး ချေပနိုင်ရန် ကြိုးစားလာရာ ငါးမိနစ်မှာပင် မောင်မောင်မြင့် ဖန်တီးပေးသောဘောလုံးကို ဝင်းမင်းထွန်းက ကန်သွင်းလိုက်သဖြင့် ပို့ဆောင်ရေး ချေပဂိုး ပြန်ရသွားသည်။ သရေဖြစ်သွား၍ ဘဏ္ဍာ/အခွန်ကလည်း ဂိုးထပ်မံရရှိရေး ကစားကွက်မိမိဖြင့် ပြန်လည် တိုက်စစ်ဆင်လာရာ ကိုးမိနစ်တွင် စိုးမြတ်မင်း၊ ၁၀မိနစ်တွင် ရန်ပိုင်တို့က တစ်ဂိုးစီ ထပ်မံသွင်းယူသဖြင့် ဘဏ္ဍာ/အခွန်က သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ပို့ဆောင်ရေးကလည်း လူငယ်များပီပီ အမြန်နှုန်းတင်ကာ ချေပဂိုးရရေး ကြိုးစားလာသည်။ အထူးသဖြင့် ကွင်းလယ်မှ မောင်မောင်မြင့် ဘဏ္ဍာ/အခွန် နောက်တန်းကို မွှေနှောက်ကစားခဲ့သည်။ ၂၈မိနစ်တွင် ထက်အောင်က ပို့ဆောင်ရေးအတွက် ဒုတိယချေပဂိုးသွင်းယူခဲ့သော်လည်း နှစ်မိနစ်အကြာတွင် စိုးမြတ်မင်းက ဘဏ္ဍာအခွန်အတွက် စတုတ္ထဂိုးကို သွင်းယူသည်။ ဆက်တိုက်ဆိုသလိုပင် ပို့ဆောင်ရေးက ပြန်လည် တိုက်စစ်ဆင်ကာ ၃၂မိနစ်တွင် မောင်ယော့စ်က တတိယချေပဂိုး သွင်းယူခဲ့သည်။ ထို့နောက်ပိုင်းတွင် ဘဏ္ဍာ/အခွန်က သမ္မာဖြင့် ပွဲကိုထိန်းကစားရင်း ပွဲသိမ်းနှင့်ပဉ္စမဂိုးကို ၄၃မိနစ်တွင် ဝင်းအောင်ဖန်တီးပေးမှုမှ တစ်ဆင့် ရန်ပိုင်က သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်က ငါးဂိုး-သုံးဂိုးဖြင့်နိုင်ကာ သုံးမှတ်အပြည့်ရသွားခြင်း ဖြစ်သည်။

ယနေ့ပွဲအပြီးတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်က ၁၃ပွဲကစား ၁၂ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရဂိုး ၅၇ဂိုး၊ ပေးဂိုး ၁၀ဂိုး၊ အသားတင်ဂိုး +၄၇၊ ရမှတ် ၃၆မှတ်ဖြင့် ထိပ်ဆုံးနေရာကို ရယူထားသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ဒုတိယနေရာမှ စီးပွားကူးသန်း၊ တတိယနေရာမှ စွမ်းအင်တို့ထက် တစ်ပွဲပိုကစားကာ ကိုးမှတ်ပြတ်နေသည်။ ထို့ကြောင့် လက်ရှိအနေအထားအရ ဘဏ္ဍာ/အခွန်က နှစ်ပွဲကစားရန် ကျန်တော့ရာ ဗိုလ်စွဲရန် အလွန်အလားအလာကောင်း လျက်ရှိသည်။ စီးပွား/ကူးသန်းနှင့် စွမ်းအင်တို့က လက်ကျန်သုံးပွဲစလုံး နိုင်ပြီး ဘဏ္ဍာ/အခွန်က ကျန်နှစ်ပွဲရှုံးစေကာမှ အသားတင်ဂိုးအရ ဘဏ္ဍာ/အခွန် အဆိုပါအသင်းများထက်သာနေသည်။ စီးပွား/ကူးသန်းနှင့် စွမ်းအင်တို့ လက်ကျန်သုံးပွဲကို ဂိုးပြတ်များဖြင့် အနိုင်ရပါမှ ဘဏ္ဍာ/အခွန်ကို ကျော်နိုင်ပေမည်။ ထို့ကြောင့် ဘဏ္ဍာ/အခွန်သည် လက်ကျန်နှစ်ပွဲအနက် တစ်ပွဲ သရေကျရုံဖြင့် အမှတ်သာဖြင့် ဗိုလ်စွဲပြီ ဖြစ်သည်။ ဘဏ္ဍာ/အခွန်သည် ဧပြီ၃၀ တွင် မြို့တော်စည်ပင်၊ မေ ၇ရက်တွင် စီးပွား/ကူးသန်းတို့နှင့် ယှဉ်ပြိုင်ရန် ကျန်သေးသည်။

ဘဏ္ဍာ/အခွန် တိုက်စစ်မှူး မျိုးလှိုင်ဝင်း၏ ထိုးဖောက်မှုကို ပို့ဆောင်ရေးနောက်တန်း ဖျက်ထုတ်နေစဉ်။ (ကြေးမုံ)

ယနေ့ပွဲ

ဧပြီ ၂၇ရက် ယနေ့တွင် အဆင့်မြင့်တန်း အမှတ်ပေးပွဲအဖြစ် အောင်ဆန်းကွင်း၌ တံခွန်နှင့် စီးပွား/ကူးသန်း၊ သုဝဏ္ဏကွင်း၌ မြို့တော်စည်ပင်နှင့် ကာကွယ်ရေးတို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ (ကြေးမုံ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်တိုး–ဒေါ်ခင်လေးတို့၏ သားငယ်

မောင်အောင်စိုးလင်း B.Sc (Phys) နှင့်

ရန်ကုန်မြို့နေ ဦးတင်လှိုင်–ဒေါ်ခင်ကြည်သိန်းတို့၏ သမီးငယ်

မစုသဲလှိုင် B.Sc(Hon), M.Sc (Engg: Phys.)

တို့၏ ၂၅–၄–၂၀၀၄(တနင်္ဂနွေနေ့)တွင် M.3 Food Centre ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော့်ခံပွဲသို့ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေးတို့အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံး ဆင်မြန်းချီးမြှင့်ပေးသော ဦးစိုးညွှန့်(ထီလာစစ်သူ)နှင့် ဇနီး ဒေါ်လှယဉ်ယဉ်စိုး၊ မင်္ဂလာလက်စွပ် ဝတ်ဆင်ချီးမြှင့်ပေးသော ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် ဇနီး ဒေါ်မြင့်မြင့်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ စည်သူ(၃၈) ကျောင်းဆင်းဖက်များနှင့် ဇနီးများ၊ စာတည်းမှူးချုပ်များ၊ စာတည်းအဖွဲ့ဝင်များ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ခဲ့သော ရဲမှူးကြီးမြင့်သိန်း(ရထားရဲတပ်ဖွဲ့)၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ဒေါ်အိအိကျော်ဝင်း(မြန်/ရုပ်မြင်)၊ မင်္ဂလာပန်းကုံးကို ကိုင်ဆောင်ပေးသော ဒေါ်သီတာဝင်းကြည် (မြန်/ရုပ်မြင်)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးသူ အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော အေးဇော်မိုး(စက်မှု)နှင့်အဖွဲ့၊ ပြန်/ဆက်ဗီဒီယိုအဖွဲ့၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေသီဆိုပေးသူ စိမ်းမို့မို့၊ မေလော အပါအဝင် ACES တေးဂီတအဖွဲ့၊ မင်္ဂလာညှော့်ခံပွဲသို့ ကြွရောက်အားပေးချီးမြှင့်ကြသော မိတ်ဆွေများ၊ သိုက်သိုက်ဝန်းဝန်းအားပေးရန် လာရောက်ကြသော သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ M.3 Food Centre မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်အောင်စိုးလင်း–မစုသဲလှိုင်။

ဧည့်ခံကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ် (၈၆/က)၊ ကျိုက္ကဆံလမ်းကြီး တာမွေမြို့နယ်နေ ဗိုလ်မှူးကြည်စိုး (ငြိမ်း)-ဒေါ်ခင်မမလင်း တို့၏ သားငယ်

မောင်မင်းမင်းနိုင်စိုး B.Sc (Phys: Y.U)

နှင့်

မြဝတီမြို့ အမှတ် (၄/၂၈၃) ကောဒါလမ်း၊ အမှတ် (၁)ရပ်ကွက်နေ ဦးအောင်ချမ်း-ဒေါ်ဝင်းဝင်းမြင့် (မြနှင်းအိမ်-ဧည့်ရိပ်မွန်)တို့၏ သမီးလတ် ဦးတင်အောင်-ဒေါ်သင်းသင်းမြင့် Export / Import and Transport တို့၏ တူမ

မဆွေဆွေအောင် (ခ) နှင်း (Final Year Phys:)

တို့သည် 20.4.2004 ရက်နေ့တွင် မြဝတီမြို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဦးနှင့်ဇနီး ဒေါ်[illegible] မြဝတီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီး [illegible] ဇနီးဒေါ်[illegible] နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်တွင် ဧည့်ခံကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းမင်းနိုင်စိုး-မဆွေဆွေအောင်(ခ)နှင်း

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၆

ကာတွန်းမြင့်သိန်း၏မျက်နှာဖုံးကာတွန်းနှင့်အတူ တစ်ခေတ်တစ်ခါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမြင်ကွင်းများကို ထိထိမိမိကလိခဲ့၊ သရော်ခဲ့ကြသည့် ကာတွန်းဆရာကြီး ဦးဘဂျမ်းနှင့် ကာတွန်း ဆရာကြီးငယ်တို့၏ ကာတွန်းကွက်များအား ပြန်လည်ဖော်ပြထားသော ကာတွန်းမြင့်စိုးလေး၏ ကာတွန်းကော်နာအပါအဝင်ဆရာပြည့်စုံ(သွေးသောက်)၊ ဆရာသာဂဒိုး၊ မြေဇာ၊ သန်လျင်မောင်မောင်ဦး၊ ဆြာကြီးထိန်တို့၏ ဟာသ အတွေးအရေး ရုပ်ရှင်သတင်းများဖြင့် “ဟာသ” ဂျာနယ် အတွဲ(၂) အမှတ် (၃၈) ကို ဝါမိုးအောင်စာပေ အမှတ် (၅၂၉) ကုန်သည် လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

Flowers and Festivals round the Myanmar Year

မင်္ဂလာဦးဆုမွန်လွှာ

ကိုညီညီသက် နှင့် **မယုယုလတ်** (စွမ်းအားလျှပ်စစ်၊ မန္တလေးမြို့)တို့၏ ၂၆–၄–၂၀၀၄ရက်နေ့ မင်္ဂလာဦးနေ့ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝပြီးလျှင် ချမ်းမြေ့ကြည်နူးဖွယ်ရာ မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...။

ဗိုလ်ကြီးအောင်မျိုးဝင်း –မဧပရယ်(ရန်ကုန်မြို့)

ဆရာ ဦးရွှေမြ

STAR LIGHT
Ph: 534457

Lap Top

Q.E.L.C (Language Centre)
B.A (English) Diploma in ELT, Cambridge Certificate in ELT
4 Skills English (Basic) May (4)
Intermediate English (4 skills) May (8)
English Skills foundation
IELTS, TOEFL, Writing, Reading, Grammar: May (5)

OD Tour
(၁) April 30
(၂) April 30
(၃) By Flight..
(၄) May 12/13
OD Style
No.32

295274
293294

THAMES
THE FIRST CHOICE IN BUSINESS EDUCATION
Enrolling for May Term Now!
More Paths to Success
ADBA 8 modules
HDBA 8 modules
DBA 4 modules
+ Opening in May, September, January
+ Internet Access & E-Mail
+ E-Learning Support
+ Further Studies Counselling
+ Morning, Day, Evening, Weekend Classes, FT or PT
+ Specializations Available:
- General Business Administration
- Marketing & Public Relations
- Human Resource Management
+ Anybody with High School Education
Customized Corporate Training Also Available
Contact:
Yangon: 296829, 200343, 203188
Mandalay: 02 - 89402, 89403

DBA
4 Core Modules:
Principles of Management
Principles of Quantitative Methods
Principles of Accounting
Principles of Business Communication

HDBA
5 Core Modules + 3 Modules:
Economics
Management Practice
Introduction to Information Technology
Principles of Business Law
Marketing
General:
Business Communication
Organization Behaviour
Cost & Management Accounting
Marketing:
Understanding Customers
Marketing Operations
Promotional Practice
HRM:
Human Resource Practice
Organizational Behaviour
Training & Development

ADBA
4 Core Modules + 4 Modules:
Information Technology Management
Human Resources Management
Financial Management
Strategic Management
General:
Case Study in Business Policy
Managing Contemporary Issues
International Marketing Strategy
Strategic Marketing Management-Planning & Control
Marketing:
International Marketing Strategy
Marketing Communication
Strategic Marketing Management-Planning & Control
Strategic Marketing Management-Analysis & Decision
HRM:
International HRM
Organizational Change & Development
HR Development
Industrial Relations

သတိပေးတားမြစ်ချက်

ပ/၁၄၈၇ Toyota Hilux ငါးချိတ် အဖြူရောင်ကားနှင့်ပတ်သက်၍ အရောင်းအဝယ်မပြုလုပ်ရန် လုံး၀/လုံး၀ တားမြစ်အပ်ပါသည်။ ၎င်းကားအား တွေ့ရှိပါက အမြန်ဆက်သွယ်အကြောင်းကြားပါ။

ဦးကျော်ကျော်ထွေး
၀၉၉၉–၂၃၆၅၃။

DECO - LAND COMPANY LIMITED.
DECO
WOODFREE PAPER
COLOUR PAPER
PPC
COPY PAPER
A4 A3 LEGAL
SINARPLEX
DUPLEX COATED PAPER
CAST COATED PAPER
SINAR GLOSS
ART PAPER
ART CARD PAPER
Production Line
Size, Design, Ply
Office: No.144, U Ta Yasat Gyi St, Hlaing Thar Yar Industrial Zone (4), Hlaing Thar Yar Tsp, Yangon.
Tel : 951-685064, 685218, 685279, 685319, 244007 Fax : 951-685235
E-mail: decoland@myanmar.com.mm

DECO-LAND COMPANY LTD.
STRAPPING BANDS
STRAPPING MACHINE



1 ROLL - 2300 M LENGTH GRANTEE
LOW COST, HIGH EFFICIENCY
HIGH STRENGTH, STRAIGHT
CAN PRINT LOGO IN STRAPPING ROPE
CAN USE WITH STRAPPING MACHINE
DOOR TO DOOR DELIVERY

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ပေးအပ်ပွဲတက်ရောက် စစ်ကိုင်းတိုင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မုံရွာမြို့အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် နဝရတ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါ၍ မော်တော်ယာဉ်များဖြင့် ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းမုံရွာမြို့သို့ ရောက်ရှိပြီး မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ နဝရတ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊တိုင်း၊ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နဝရတ် ကျောင်းဆောင်သစ်ကို မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း၊ ကျောင်းအုပ်ဆရာကြီး ဦးတင်ဖေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နဝရတ်ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များနှင့်အတူ နဝရတ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နဝရတ် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဂီတရသခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဦးမောင်ကိုက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် နဝရတ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရင်းဇယား၊ စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင် ဦးမောင်ကိုက အမှတ်(၂) အခြေခံပညာ ဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ဖွံ့ဖြိုးတိုးတက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်(၅)ရပ်တွင် ပညာရေးကဏ္ဍကလည်း တစ်ခုပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ လူသားအရင်းအမြစ်သည် အရေးကြီးသည့်အခန်းကဏ္ဍကပါဝင်ကြောင်း၊ ပညာတတ်ပြီး အတွေးအခေါ် မှန်ကန်သည့် လူသားအရင်းအမြစ်များဖြင့် တည်ဆောက်မှသာ နိုင်ငံတော်သည် အရှိန်အဟုန်ဖြင့် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

တိုက်တွန်း

ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ ပညာရည်မြင့်မားရေးကိုပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးကဏ္ဍ အောင်မြင်မှုများကို ဝိုင်းဝန်း ထိန်းသိမ်းထားရှိပြီး ယခုထက် ပိုမိုအောင်မြင်အောင် မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း၏ နယ်မြေဒေသအခြေအနေများနှင့် တိုးတက်ပြောင်းလဲမှု အခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်ကိုင်းတိုင်းအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ မြေအသုံးချမှု၊ စိုက်ပျိုးရေပေးဝေမှု၊ ရေအရင်းအမြစ်အသုံးချမှုနှင့် စက်မှုလယ်ယာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်နေကြောင်း၊ ထိုကဲ့သို့ တည်ဆောက်ရာတွင် နိုင်ငံတော်ပိုင်းက တည်ဆောက်သည့် လုပ်ငန်းများ၊ဒေသအလိုက်လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများရှိကြောင်း။

ယင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မိမိမြို့နယ်၊ ခရိုင်အလိုက် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို အမြဲပြန်လည် ဆန်းစစ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာလုပ်ငန်း တိုးတက်မှု၊ အားနည်းမှုအခြေအနေတို့ကို ခွဲခြားသိရှိနိုင်မည်ဖြစ်ကြောင်း၊ ခရိုင်တစ်ခုလုံး၌ တိုးတက်မှုရှိသော်လည်း မည်သည့်မြို့နယ်၊ မည်သည့်ဒေသက အားသာသည်၊အားနည်းသည်ကို မှန်ကန်စွာ လေ့လာသုံးသပ်ပြီး အားနည်းသည့် မြို့နယ်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ခရိုင်အလိုက်၊ တိုင်းအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ပြည်သူများ ပူးပေါင်း ပါဝင်ကြမှသာလျှင် ဖွံ့ဖြိုးမှု အရှိန်အဟုန် သွက်လက်မြန်ဆန်လာမည်ဖြစ်၍ ပြည်သူများအား စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ စီစဉ်လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အများအပြားကို အထင်အရှားတွေ့မြင်ရမည်ဖြစ်ကြောင်း။

လမ်းတံတားများအပိုင်းတွင်ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား)၊ ချင်းတွင်းမြစ်ကူး(မုံရွာတံတား)တို့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး မြစ်သာမြစ်ကူးတံတားမှာလည်း မကြာမီ ပြီးတော့မည်ဖြစ်ကြောင်း၊ အလားတူ ပေ ၁၈၀ အထက် တံတားကြီးများ အများအပြားရှိကြောင်း၊ လမ်းများအနေဖြင့် မုံရွာ-ယာကြီး-ကလေးဝကားလမ်း၊ ရွှေဘို-မြစ်ကြီးနား ကားလမ်း၊ ချောင်းဦး-ပခုက္ကူ ရထားလမ်း၊ ဂန့်ဂေါ-ကလေး ရထားလမ်းများ ဖောက်လုပ်ပေးခဲ့၍ ပြည်သူများ လက်တွေ့အကျိုး ခံစားရနေပြီဖြစ်ကြောင်း။

ယခင်က ခက်ခဲစွာ သွားလာနေရသည့် ကလေးဝ-မော်လိုက်ကားလမ်းကို လည်း ဖောက်လုပ်လျက်ရှိကြောင်း၊ အလားတူပင် သဖန်းဆိပ်ရေလှောင်တမံအပါအဝင် ရေလှောင်တမံများ၊ မြစ်ရေတင် စီမံကိန်းများ အများအပြား ဆောင်ရွက်ပေးခဲ့၍ စစ်ကိုင်းတိုင်း အနေဖြင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ဤကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှည်တည်တံ့ခိုင်မြဲတိုးတက်နေအောင် ဒေသခံပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ထိန်းသိမ်း၍ ဒေသဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ ဆက်လက် ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များနှင့် အတူမုံရွာမြို့ ကမ်းနားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မုံရွာဂေါက်ကလပ် ဧည့်ခန်းမ၌ နယ်မြေခံ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းက ကမ်းနားလမ်း၏ အကြောင်းရှင်းလင်းခြင်း၊ မြေတာပေါင်တင်ခြင်းနှင့် မြေညှိ၊ ရေဖျန်း၊ စက်ကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ကမ်းနားလမ်းတွင် စက်ယန္တရားများဖြင့် လမ်းမြေဖို့ ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အိုးဘိုတောင်ကျေးရွာအနီး၌ လမ်းဖောက်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရှည်ပေ ၁၂၀ ရှိ အိုးဘိုတောင် တံတားတည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အိုးဘိုတောင်နှင့်မင်းဒေါင့်အကြား၌ ကမ်းနားလမ်း ဖောက်လုပ်မှုအပိုင်းကို ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ ကမ်းနားလမ်းကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ကာလ ပြီးစီးရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

ပြီးစီး

မုံရွာမြို့လက်ရှိ ကမ်းနားလမ်းသည် ကျောက်ဆောင်ဆိပ်မှ မင်းဒေါင့်တံတားအထိ အရှည် ၅ ဒသမ ၅၈ မိုင်ရှိပြီး ပျမ်းမျှအကျယ် ၃၀ ပေရှိ ကျောက်ချောမြေသားလမ်းဖြစ်သည်။ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ လမ်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၉ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မဟာဆေးဝက်ပါကျောင်းတိုက် အောင်စေတီ ရွှေထီးတော်တင်လှူပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

မဟာဆေးဝက်ပါ အာလိန်ငါးဆင့် ကျောင်းတိုက်ကြီးအတွင်း၌ တည်ထားသော အောင်စေတီတော် ရွှေထီးတော်တင်လှူ ပူဇော်ပွဲ၊ ဗုဒ္ဓစက်ရှံမြဲဘုရား ကျောင်းတော်ကြီးကို ရွှေသင်္ကန်းလုံးတော်ပြည့် ကပ်လှူပွဲ၊မဟာဆေးဝက်ပါ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မအား (၁၄၀၄)ကြိမ်မြောက် သိက္ခာထပ်ပွဲ နှင့် ရဟန်း ၁၀၈ ပါး၊ ရှင် ၁၀၈ ပါး၊ ရဟန်းခံရှင်ပြုပွဲ အလှူတော်မင်္ဂလာ အခမ်းအနားများကို အဆိုပါ ကျောင်းတိုက်ကြီးအတွင်း၌ ဧပြီ ၁၀ ရက်မှ ၁၈ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပခဲ့ရာ နေ့စဉ် သံဃာတော်အပါး ၂၀၀ ကျော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ (က-ပ)

နှစ်သစ်မင်္ဂလာ သက်ကြီးပူဇော်ပွဲ ကျင်းပ

အင်းတော် ဧပြီ ၁၈

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော အင်းတော် မြို့ပေါ်လေးရပ်ကွက် အသက်(၈၀)နှစ်နှင့်အထက် အဘိုး၊ အဘွားများအား နှစ်သစ်မင်္ဂလာ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာကန်တော့ခံအဘိုး၊ အဘွား ၃၀ ဦး ပူဇော်ကန်တော့ခံကြွရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်လှမိနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်မြသီနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး မြို့ပေါ် လေးရပ်ကွက်မှ အဘိုး၊ အဘွားများအား တက်ရောက်လာကြသူများက ရှိခိုး ကန်တော့ကြရာ အဘိုး၊ အဘွားများက ဆုတောင်းမေတ္တာ ပို့သပေးကြသည်။

ထို့နောက် အဘိုး၊ အဘွားများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၂၃၃)**

ရခဲဆည် မြေသားတမံ စုပေါင်းဆည်ဖို့

တန့်ဆည် ဧပြီ ၁၀

တန့်ဆည်မြို့နယ်အတွင်းရှိမိုးကောင်းသောက် ဒေသများ၌ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဒေသန္တရတစ်ဖက်ပိတ်ဆည်များ တည်ဆောက်ပြုပြင်လျက်ရှိရာ လယ်မြေဧက ၅၀၀ ခန့် စိုက်ပျိုးရေရရှိမည့် ရခဲဆည် မြေသားတမံ ဆည်ဖို့လုပ်ငန်းကို ကြောင်ဆင်းအိုင်အုပ်စုနှင့် ကံထူးမအုပ်စုများမှ တောင်သူများ မတ် ၁၀ ရက် နံနက်ပိုင်းမှ စတင်၍ စုပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ရခဲဆည် မြေသားတမံ ဆည်ဖို့ရာနေရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးပါကြီး၊နယ်မြေတာဝန်ခံများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကာ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

သာသနိက အဆောက်အအုံ ရေစက်ချမင်္ဂလာနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

လှည်းကူး ဧပြီ ၂၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဝါးနက်ကုန်းရွာ ပေါက်ကုန်း ပေတစ်ရာကျောင်းဝင်းတွင် ဦးချန်ဟုတ်–ဒေါ်သန်းကြင်မိသားစု လှည်းကူးမြို့တို့ လှူဒါန်းထားသည့် ဗုဒ္ဓကြေးဆင်းတုတော်မြတ် ဖေယျတု သာသနာ့ ဝိပုလကာရီ မြရတနာသိမ်တော်ကြီး မုခ်ဦးပြာသာဒ်ဆောင်၊ နတ်လမ်း၊ မဟာရံတံတိုင်း၊ ပညာရေးဋ္ဌေပဒေသာပင်စိုက်ထူခြင်း၊ သိက္ခာထပ်ရဟန်းခံအလှူတော်နှင့် သံဃာတော် ၁၀၂ ပါးတို့အား ဆွမ်းတော်ကြီးလောင်းလှူပွဲတော်တွင် ဓမ္မကထိက ဗဟုနေ ဟိတရေဖြူးဆရာတော် ဘန္ဒန္တ နရပတိသည် ဧပြီ ၃၀ ရက် နံနက် ၉ နာရီနှင့် ည ၇ နာရီတွင် ရေစက်ချတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ထင်းရှူးကုန်းကျေးရွာ ကျောင်းဆောင်သစ်ဖွင့်

ကလော ဧပြီ ၁၀

ကလောမြို့နယ် ရေချိုကျေးရွာအုပ်စု ထင်းရှူးကုန်း အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမောင်မောင်အေး၊ ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ထွန်းကျော်နှင့် ဌာနဆိုင်ရာ ဦးစီးအရာရှိများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ **(က–ပ)**

သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း ဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများက ၁၃၆၆ ခု မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ကြစဉ်။ (ခရိုင်ပြန်/ဆက်)

သက်ကြီးပူဇော်ပွဲကျင်းပ

လှိုင်လင် ဧပြီ ၁၈

လှိုင်လင်ခရိုင် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၂ ရက် ညနေ ၄ နာရီက လှိုင်လင်မြို့ ဈေးအနီး ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်က အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး သင်္ကြန်ယိမ်းအဖွဲ့များ ခြိမ့်လျက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သင်္ကြန်ယိမ်းအဖွဲ့ ယှဉ်ပြိုင်ပွဲနှင့် ဖျော်ဖြေပွဲများကို ညစဉ် ကျင်းပခဲ့ပြီး ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တွင် သင်္ကြန်ယိမ်းပြိုင်ပွဲ ဆုရသူများ ဆုပေးပွဲနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားနှင့် ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နေ့တွင် အသက်(၈၀)နှင့် အထက် အဘိုး၊ အဘွား ၅၈ ဦးတို့အား မြို့လယ်ဓမ္မာရုံ၌ သက်ကြီးပူဇော်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကြက်ရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ကွမ်းလုံ မတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာခင်အောင် ဦးဆောင်သော အဖွဲ့သည် ကြက်လည်လိမ်ရောဂါကာကွယ်ဆေး မျက်စဉ်းခတ်လုပ်ငန်းနှင့် ကြက်ဝမ်းကျ(တောင်ပံ) ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မတ်လအတွင်း ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ခြောက်ရွာသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ ကြက်ကောင်ရေ စုစုပေါင်း ၂၀၀၀ ကျော်ကို မျက်စဉ်းခတ်၊ တောင်ပံကာကွယ်ဆေးထိုးခဲ့ပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းရှင် တိုင်းရင်းသား တောင်သူကြီးများနှင့် တွေ့ဆုံကာ ကြက်ရောဂါကာကွယ်ရေးနည်းလမ်းများ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။ **(၄၆၄)**

ကညော်ကျေးရွာ ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီး

ချောင်းဆုံ ဧပြီ ၁၀

ချောင်းဆုံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဖွဲ့အစည်းများနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပညာပေးခဲ့ရာ ကညော်ကျေးရွာတွင် မိသားစုတိုင်း ယင်လုံအိမ်သာ ရာနှုန်းပြည့် သုံးစွဲနိုင်သဖြင့် "ယင်လုံအိမ်သာ ရာနှုန်းပြည့်ကျေးရွာ"အဖြစ် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို အဆိုပါကျေးရွာတွင် မတ် ၁၄ ရက်က ကျင်းပသည်။

— တက်ရောက် —

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိမ်းဆွေ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အလားတူ ကညော်ကျန်းမာရေးဌာန နယ်မြေအတွင်းရှိ ကော့မုပွန်၊ ဒေါင်းရပ်အရှေ့၊ အနောက်ကျေးရွာများတွင်လည်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားများ ကျင်းပခဲ့ကြောင်း သိရသည်။ **(က–ပ)**

မြို့နယ်သတင်းများ

ဝါးခယ်မမြို့နယ်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ဝါးခယ်မ ဧပြီ ၁၈

ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးစီး၍ (၁၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာနှစ်ဆန်း တစ်ရက် (ဧပြီ ၁၇ ရက်) ညနေ ၅ နာရီက သာသနာ့ဗိမာန်တော်ကြီး အတွင်း၌ ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဋ္ဌေးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူး ဦးကျော်လွင်နှင့် အမှုဆောင်များ၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ကန်တော့

ရှေးဦးစွာ ကန်တော့ခံ အသက် (၈၅) နှစ်အထက် အဘိုး၊ အဘွား ၈၅ ဦးနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီးနောက် သက္ကစ္စဂါရဝရတုပိုဒ်စုံဖြင့် ဦးစွာ ကန်တော့ကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဋ္ဌေး ဦးဆောင်၍ ဌာနဆိုင်ရာများမှ အလှူငွေများ၊ ဆေးဝါးပစ္စည်းများဖြင့် လှူဒါန်းကြပြီး အလှူရှင်များကလည်း ဆေးဝါးပစ္စည်း၊ အလှူငွေများဖြင့် ကန်တော့ကြသည်။ ကန်တော့ခံ အဘိုး ဦးသန်းစိန်က ဆုတောင်းမေတ္တာပို့သပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၁၈၂)**

မတ် ၂၆ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မြေခြားမြောက်ကျေးရွာနှင့် အောင်ပန်း–ရွှာင်သွား လမ်းမကြီးနှင့် ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းဖွင့်ပွဲကို လမ်းမုခ်ဦး၌ ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က–ပ)

အခြေခံယဉ်ကျေးမှု သင်တန်းဆင်း

ကောလင်း ဧပြီ ၁၀

ကောလင်းမြို့ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကြီးမှူး၍ အခြေခံယဉ်ကျေးမှု သင်တန်းဆင်းပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားကို ဧပြီ ၇ ရက်က အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ ကျောင်းတိုက် ဦးစီးပဓာန ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသုဒဿန၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် သင်တန်းနည်းပြဆရာ ဦးမြဟန်၊ ဦးဘအောင်နှင့် သင်တန်းသူ၊ သင်တန်းသား ၃၅ ဦး တက်ရောက်ကြသည်။ **(၂၁၄)**

ရေနုတ်မြောင်းတူးဖော်

ဧပြီ ၉ ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဝန်ထမ်းများနှင့်အတူ ဗလမင်းထင်လမ်းဘေး ရေနုတ်မြောင်း တူးဖော်ခြင်းကို ကြပ်မတ်ဆောင်ရွက်စဉ်။ (က–ပ)

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက် ဥက္ကဋ္ဌနှင့် ပြည်သူများ ရပ်ကွက်အတွင်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၈၇)

မြစ်သာရတနာ နံရံကပ်စာစောင်ဖွင့်ပွဲ ကျင်းပ

ဂန့်ဂေါ ဧပြီ ၁၅

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေဝါသနာရှင်များ ပူးပေါင်းစီစဉ်ဆောင်ရွက်သော မြစ်သာရတနာ နံရံကပ်စာစောင် ဖွင့်ပွဲကို ဧပြီ ၂ ရက် နံနက်က ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်လှက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ နံရံကပ်စာစောင်တွင် နိုင်ငံတော်၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ဆောင်းပါး၊ ကဗျာ၊ စာညွှန့်၊ ကာတွန်းများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည်။ **(၄၆၅)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကိုကိုးကျွန်းမြို့နယ်၌ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (ထ-ပ-ဆ)

ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်ကြမည့်

ဝန်ထမ်းများနှင့် ခရီးသည်များအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေဂုဏ်ပြုနှုတ်ဆက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်ရန် သွားရောက်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား ဧပြီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတ ဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တောင်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန် တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ခရီးသည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရက ဖြည့်ဆည်းပေးထားပြီး ဖြစ် ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများပီပီ မိမိတို့ တာဝန်ထမ်းဆောင်ချိန်တွင် ကိုကိုးကျွန်းမြို့နယ်ကို ပိုမိုဖွံ့ဖြိုး တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ရေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ဒေသတစ်ခု ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအကျဆုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ဒေသခံ ပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်အောင် ထိတွေ့ပြီး လိုအပ်ချက်များကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းလုပ်ဆောင် ကြရေး ရှင်းလင်းပြောကြားသည်။

မိတ်ဆက်ပေး

ထို့နောက် ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးမြတ်ကျော်က တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအား ကိုကိုးကျွန်းမြို့နယ်၌ တာဝန် ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်၌ တာဝန် ထမ်းဆောင်ရန် သွားရောက်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန် ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ခရီးသည်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက် ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော် အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

နိုင်ငံခြားကားအဆင့်မီ အလှပြင်သင်တန်း

အမြန်ငှားမည်
25x60(၃);2A/C;Ph;2BR
70x90(၂)ထပ် 1MBR;3BR;5A/C;Ph;
50'x65'(၂)ထပ် 3MBR;Ph;4A/C;
1600sqft(၃)1MBR;3BR;Ph;2A/C;
221184,211842,09-99-27487

FEB COMPUTER CENTRE
B.E (Electronics)
1. HARDWARE & SYSTEM TRAINING (A+)
- Overview of Computer
- DOS, CMOS Setup
- Mother Board, CPU
- Norton, Virus Utility
- DRAM, SRAM, CMOS
- Software Installation
- ROM BIOS, FDD, HDD
- Hardware Installation
- Troubleshooting
- Network Installation
2. WINDOWS 98 COURSE
- Word 2000, Excel 2000, Page Maker 6.5, E-mail
3. FEB COMPUTER SERVICES
Upgrading -
Rental - Pentium, PII Computer
4. TAPE TO VIDEO CD
No. 228, 1st Floor, Konzaydan Street, Pabedan Township.
☎ : 241881
E-mail : feb@mptmail.net.mm

YOUTH Computer Centre (Hot Line - 376418)
ကလေးများအတွက်အကောင်းဆုံးနွေရာသီအထူးကွန်ပျူတာသင်တန်းများစတင်နေပါပြီ။
အသံနှင့်ပတ်သက်နေသောလုပ်ငန်းများအတွက် ကွန်ပျူတာဖြင့် တေးဂီတသံစဉ်များဖန်တီးခြင်းကို အကောင်းဆုံးသင်ကြားလိုလျှင် Certificate in Music Production ကိုတက်ပါ။
ကွန်ပျူတာအခြေခံမရှိသူများအတွက် Cer : in Information Technology (ICT Level I)
ကွန်ပျူတာရုပ်သံကျွမ်းကျင်လိုသူများအတွက် Cer : in Multimedia Production (Video/Audio)
Software Engineer ဖြစ်လိုသူများအတွက် Cer : in Software Engineering (ICT Level III)
Network Engineer ဖြစ်လိုသူများအတွက် Cer : in PC & Network Engineering (ICT Level II)
Other Courses: Windows XP, DTP, ACCPAC, AutoCAD 2002, Digital Graphics Design.
CI(Tarmwe)-710453 CII(39 St Lower)-376418 CIII(Yuzana)-593101

Ph: 723102

MIT Education Center
ကွန်ပျူတာ အသုံးချ သင်တန်းများ
- Internet & E-mail Short Course
- Internet Fundamental Course
- Windows Basic Course
- Hardware & Networking
- MIT Accounting Course
- Powerpoint Presentation Course
(27.4.04) မှ (15.5.04) ထိ 20 % Discounts
No. 112, Pyay Road, MayangoneT/S. ☎ 668779, 668259, 650124

အများသိစေရန်

ကျွန်တော် မောင်ကိုကိုဝင်း[၁၁/ဂမန(နိုင်)၀၀၀၁၂၉]နှင့် မမော်မော်ဝင်း [၁၄/ကခန(နိုင်)၀၀၀၉၁၉]တို့သည် ၁၂-၁၁-၁၉၉၄ရက်နေ့မှစ၍ လက်ထပ်ခဲ့ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရာမှ ၁၁-၄-၂၀၀၄ရက်နေ့တွင် မိမိဆန္ဒအလျောက် သားကိုခေါ်၍ လက်ဝတ်ရတနာများ၊ ငွေနှင့်အသုံးအဆောင် ပစ္စည်းများယူဆောင်၍ နေအိမ်မှဆင်းသွားပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်၍ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ကိုကိုဝင်း
[၁၁/ဂမန(နိုင်)၀၀၀၁၂၉]

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးမျိုးဆင့်၏သား မောင်ကျော်မျိုးသူ[၁၂/ကမတ(နိုင်) ၀၅၇၁၉၃]သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဦးမျိုးဆင့်
၅၀၊ မာလာလမ်း၊
(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

(၄၁)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ဖေဖေ ဦးတင်အောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း) Chief Executive Adviser, Supreme Bio-Tech Groupနှင့် ကျေးဇူးရှင် မေမေ ဒေါ်လှတင်တို့၏ ၂၇-၄-၂၀၀၄ ရက်နေ့တွင် ကျရောက်သည့် (၄၁)နှစ်မြောက် မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာကြာသည့်တိုင် သား၊ သမီး၊ မြေးတစ်စုနှင့်အတူ သာယာချမ်းမြေ့စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ---။

ချစ်သားသမီးများ–
မဝါဝါအောင် (မသိန်းနိုင်)
ကိုအောင်ဇင်ဝင်း–B.Sc (Maths), လဝကမှူး၊ ရုံးချုပ်
မသီတာအောင်–B.Sc (zoo), Dip in Japanese လဝကမှူး၊ ရုံးချုပ်
မနီလာအောင်– M.A (Geog:), Ph.D.Candidate (Y.U)
လက်ထောက်ကထိက၊ ပထဝီဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
ကိုနေမျိုးဝင်းအောင် B.Sc Hons: (Geol:), Dip in Japanese (Y.U.F.L)
လက်ထောက်မန်နေဂျာ၊ ကုန်လုပ်ငန်းဌာန၊ မြန်မာဆိပ်ကမ်းအာဏာပိုင်
ကိုလှမျိုးဝင်းအောင်–B.Sc (Maths), Director (ATS Transporting Group)
မကြူကြူမြတ်–B.Sc (zoo), M.Sc (Q) အလက(၄)၊ ကြည့်မြင်တိုင်
ကိုဇော်ဝင်းအောင်–B.A (Hist:), Director(ATS Transporting Group)
မအေးလဲ့ဖြူ–M.Sc (Bot:)
ချစ်မြေးများ–
ဖွန်မြတ်နိုး (နိုးနိုး)
စည်သူငြိမ်းချမ်းအောင် (စီပူ)
ကောင်းဇင်သူ (ပကျစ်)။

ချစ်သူငယ်ချင်း
စိုင်းဘုန်းထူး – ဖြူဖြူညွန့်
တို့၏(၂၇)နှစ်မြောက် မင်္ဂလာချစ်သက်သေ

(၂၇-၄-၂၀၀၄)နေ့တွင် ကျရောက်သော သူငယ်ချင်း ဇနီးမောင်နှံတို့၏ မင်္ဂလာနေ့ထူးနေ့မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားများနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အနုပညာလောကမှာ ထင်ရှားအောင်မြင်သော ဓာတ်ပုံပညာရှင်များ အဖြစ် ရာသက်ပန်တည်တံ့နိုင်ပါစေ---။

ချစ်သူငယ်ချင်းများ–
လင်းထွန်း–သီရိနှင့်သားများ
ဒေါက်တာဆန်းဝင်း–စန်းစန်းမေ
နုနုကြည်(ရွှေနု)အထက(၁)ဒဂုံ။

ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးသည့်

* **ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၁၇/၂၀၀၄ကို ၂၀၀၄ခုနှစ် မေလ ၅ရက်နေ့တွင် ဖွင့်လှစ်ပါမည်။**
* **အထူးအစီအစဉ်အဖြစ် ဝန်ထမ်းများအတွက် ၂၀၀၄ခုနှစ် မေလ ၈ရက်နေ့တွင် ဖွင့်လှစ်ပေးပါမည်။ (ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ပါသည်။)**
* စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
* ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
* သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်း မြင်သာရုံးမှ တစ်ဆင့် ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
* နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
* သင်တန်းတက်ရောက်လိုသူများ ၄-၅-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။
* ဆက်သွယ်စာရင်းပေးရန်လိပ်စာ–

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၇၃၁၀၉၊ ၅၇၀၉၆၇။

Nikko Beauty & Skin Care
" For You Discount 15 % "

Facial Treatment, Body Treatment, Hair Treatment Natural

(27 . 4 . 04) To (27 . 5 . 04)

- M.G.M Hotel, 3rd Floor, No.160, War Tan St., Lanmadaw Tsp. Ph : 221342 , 210032.
- No.471, Pyay Road, Kamayut Tsp., Yangon. Ph : 524978

STS Computer Center
No (222) .1st Fl(Upper block)
Mahabandoola Garden St.Ph-372073

Sales
- Used Branded PC, P-II/III (IBM)

Training
- Window XP , Hardware (A+)
- MATLAB Course, AutoCAD 2004,
- Programming (Java, OOP, C++)
- PC Repairing & Upgrading
- D.T.P (Thesis) & E.mail

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ချစ်ကိုကိုဝင်း** (A/B MULTI-GATE SHIPPING CO.,LTD.) နှင့် ကျွန်မ **မအေးအေးမြင့်** (မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၀-၄-၂၀၀၄နေ့တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ချစ်ကိုကိုဝင်း–အေးအေးမြင့်။**

FAME NEUROGIN®

ရန်ပုံငွေပဒေသာကပွဲ

MYANMAR KOREA

Korea

Mr. Choi, Soung Kim
Miss. Jeon, Yu-Na
Miss. Park, Young Mi

၁-၅-၂၀၀၄ နှင့် ၂-၅-၂၀၀၄ ည (၇း၀၀)

+ UP TO DATE FASHION

Tel : 200747 (Ext : 7051), H.P : 09-500-5377

5000/- 3000/- 2000/-

မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးအတွင်းရှိ
လိုက်ဘောက်စ်(Light Box) ကြော်ငြာများ
ချိတ်ဆွဲကြော်ငြာခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများခေါ်ယူခြင်း

မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးအတွင်းရှိ Light Box ကြော်ငြာများ ချိတ်ဆွဲတပ်ဆင်ခြင်းလုပ်ငန်းအား ကိုယ်စားလှယ် (Agent)အဖြစ်လုပ်ကိုင်လိုသည့် ကြော်ငြာကုမ္ပဏီများ၊ မြန်မာနိုင်ငံသားပုဂ္ဂလိက ကြော်ငြာလုပ်ငန်းရှင်များသည် အမှတ်(၃၅၇/၃၆၁)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ စီးပွားရေးဌာနသို့ (၂၆-၄-၂၀၀၄) နေ့မှ(၁၀-၅-၂၀၀၄)နေ့အတွင်း လူကိုယ်တိုင်လာရောက် ဆက်သွယ်ပြီး သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့မီးရထား(စီးပွားရေးဌာန)
ဖုန်း–၀၁–၂၉၁၃၉၆၊ ၂၀၁၅၅၅–လိုင်းခွဲ–၄၂၈။

မြို့တော်ဂေါက်ကွင်း
အထူးသီးသန့်ရေကူးသင်တန်း
သင်တန်းစမည့်ရက် – ၂၈ – ၄ – ၂၀၀၄
သီရိမင်္ဂလာလမ်း၊ အင်းစိန် Ph: 643508

Yan Aung

ချစ်ဝင်း
253889/
720854

REAL JOY
HIACE, TOWNACE, MINIBUS,
09-50-18349, 294069, 282678

ကိတ္တိမမွေးစားသမီးအဖြစ်မှ
စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏မြေးဖြစ်သူ မသက်ထားဦး [၁၂/ရကန(နိုင်)၀၇၃၁၀၉] သည် မိဘစကားကို နားမထောင်ဘဲ ခွင့်မလွှတ်နိုင်သောအမှုကိစ္စများ ပြုမူနေပါ၍ ၎င်းအား ကိတ္တိမအမွေစား၊ အမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ မသက်ထားဦးနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးအုန်းခင်–ဒေါ်သန်းရည်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။**

အိမ်စီးကားသန့်သန့် ရောင်းမည်

Toyota Cresta/
90 Model/ Diesel
Turbo Engine/ ၂ ။
Super Lusent Grade
ဆက်သွယ်ရန်
Ph: 707373

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်တီ အသက်(၉၀)
(ပဲခူး)

ပဲခူးတိုင်း၊ ကမာစဲရွာနေ(ဦးမြတ်ကျော်–ဒေါ်စိမ်းခင်)တို့၏သမီး၊ ပဲခူးမြို့နေ မြို့အုပ်ကြီး(ဦးဘကျော်–ဒေါ်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းနေ(ဦးစိန်မောင်)–ဒေါ်လှမြင့်၊ ဦးပါ–ဒေါ်ခင်ခင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၄၅)နေ (ဦးစောလှ)၊ (ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးရုံး)၏ဇနီး၊ (ဦးအုန်းသွယ်)–ဒေါ်ထားကြည်၊ (ဦးလှမြင့်)–ဒေါ်မြမေ၊ (ဦးလှတင်)–ဒေါ်ညွန့်ညွန့်ခင်၊ ဦးတင်ထွန်း–ဒေါ်ခင်သန်းရီတို့၏အဒေါ်၊ မြေး ၁၇ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘွားသည် တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်၄၅နေအိမ်၌ ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

JUNIOR LEADER



Phaungdaw Seik Ceti

Read Junior Leader to improve your English

(NAING Group Construction Co.Ltd.)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး (၅၉)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး (C.E.I.E)၊ သမဝါယမဦးစီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဒေါ်ခင်ဆွေစိုး ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

E.D.S အမှတ်စဉ်(၂) ညနေသင်တန်းသား/သင်တန်းသူများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး(၅၉)နှစ်

ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ဇနီး ဒေါ်ခင်ဆွေစိုးသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ပါရဂူဆေးခန်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးညွန့်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရာရှိ၊ သတ္တုတွင်းဦးစီးဌာန

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်-ဒေါ်စန်းစန်းတို့၏ ညီမောင် ဦးမျိုးညွန့် အသက်(၅၆)နှစ်သည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သတ္တုတွင်းဦးစီးဌာန ဝန်ထမ်းမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်အမာ(ခ)ဒေါ်မြစီ အသက်(၉၇)နှစ်

(ဗဟန်း)

ရန်ကုန်မြို့၊ ကွမ်းခြံကုန်းနေ (ဦးသာလင်း-ဒေါ်ကျင်)တို့၏သမီး၊ (ဝတ်လုံတော်ရ သခင်ဘဦး)၏ ဇနီး၊ (ဦးတင်နု)-ဒေါ်မြမြ၊ (ဦးစံရှိန်)-ဒေါ်ပုစီတို့၏ အစ်မကြီး၊ ဦးစိန်လင်း(လူမှုဖူလုံရေး၊ငြိမ်း)-ဒေါ်အမာကြည်တို့၏ ချစ်လှစွာသောမိခင်၊ ဦးမင်းရန်အောင်ထွန်း-ဒေါ်သီတာလင်း(နီရောင်ပန်းရောင် အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်လုပ်ငန်း)၊ဦးမျိုးထွန်းလင်း-ဒေါ်အေးအေးလှိုင်၊ ဦးဝင်းကျော်-ဒေါ်ခင်နှင်းဝေ၊ ဦးဝင်းဇော်လင်း-ဒေါ်မြတ်မြတ်အေး၊ (မသက်ဝါလင်း)၊ မောင်အောင်လင်းထိုက်တို့၏အဘွား၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၄-၂၀၀၄ ရက်တွင် အမှတ်(၉၂)၊ (ပ-ထပ်)၊ ဓမ္မဝိဟာရလမ်း၊ကျောက်မြောင်း၊ တာမွေနေအိမ်၌ ကွယ်လွန်ပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ငွန်နု (၅၈)နှစ်

အထက်တန်းသူနာပြုဆရာမ အလုပ်သမားဆေးရုံကြီး၊ ရန်ကုန်

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လုံပိုးရွာနှင့် မင်းတပ်မြို့နေ (ဦးခဲဘွေ-ဒေါ်ပေါ်ဖွား)တို့၏ သမီးဦး၊ ဒေါ်ပေါ်စီ-ဦးရာစိုး၊ ဒေါ်ရွှေနှင်းဆီ၊ ဒေါ်သီတာထွေး၊ (ဦးချစ်မောင်)၊ ဦးထန်ကျင်းရွှေ-ဒေါ်ဟင်လင်ဆီတို့၏ အစ်မကြီး၊ အလုပ်သမားဆေးရုံကြီးဝင်းနေ ဦးကြာခဲ၏ ဇနီး၊ မောင်မောရစ်ထောင်းလျန်အောင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဆလိုင်းပီတာဇန်ထောင်း (ဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)၊ မောင်ဘွေထောင်းဆန်၊ မမွေးမွေးတို့၏ မိခင်သည် ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့) တွင် အလုပ်သမားဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ဝတ်ပြု ကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (သမိုင်းလမ်းဆုံနှင့် အလုပ်သမားဆေးရုံကြီးဝင်းတို့မှ ကားများ နံနက် ၈း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝေလင်း(၅၇)နှစ်

လ/ထညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းသမဝါယမဦးစီးဌာန
(ထားဝယ်)

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၉၄)နေ (ဦးကျော်ဖေ-ဒေါ်ထားရင်)တို့၏သားလတ်၊ ဦးအောင်မြင့်-ဒေါ်မာဂရက်မိုး၊ ဦးတင်မြင့်-ဒေါ်မြအေး၊ ဦးကံမြင့်-ဒေါ်မြသန်းတို့၏ညီ၊ ဒေါ်ခင်မျိုးအိ၊ ဦးစိုးဝင်း၊ ဦးတိုးဝင်း-ဒေါ်ခင်မျိုးဝင်း၊ ဦးအုန်းမြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်အောင်စိုး-ဒေါ်ခင်မျိုးဆွေ၊ ဦးချန်တိတ်-ဒေါ်ကြည်ကြည်တို့၏ အစ်ကို၊ ဒေါ်လွမ်းကြည်(ခ) ဒေါ်ငြိမ်းငြိမ်းမြတ်၏ခင်ပွန်း၊ ကိုဝင်းမင်းဦး (ဗိုလ်တထောင် လဝက)၊ မဖြူဖြူလင်း၊ ကိုဇော်မင်းဦး၊ ကိုကျော်ကျော်လင်း၊ မတိုးနန္ဒာသွယ်တို့၏ကျေးဇူးရှင်ဖခင်ကြီးသည် ၂၄-၄-၂၀၀၄ (စနေနေ့) နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်မြို့ ဦးနောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြစိုး(၇၄)နှစ်

ရဲအရာရှိ(ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၆၈)၊ ဟံသာဝတီ (၂၂)လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးရှန်-ဒေါ်သိန်းတင်)တို့၏သား၊ ဒေါ်ရွှေဝါ၏ခင်ပွန်း၊ ဦးလှဌေး-ဒေါ်သိင်္ဂီဝင်း၊ ကိုဘုန်းဝင်း- မပြုံးရီတို့၏ဖခင်၊ မဇာခြည်သော်၊ မောင်ကျော်ဇေယျ၊ မခင်ဇာဝင်းပြည့်တို့၏ အဘိုး၊ (ဦးဘိုးဟိုက်၊အတွင်းဝန်၊ ငြိမ်း-ဒေါ်စောတင်)၊ ပါမောက္ခဒေါက်တာကြည်ပေါ်-(ဒေါ်ခင်ဆွေတင့်)တို့၏ ညီ၊ ဒေါက်တာကြည်ဝင်း - ဒေါက်တာဒေါ်ခင်သန်းရီ တို့၏ အစ်ကို၊ ဦးဝိန်မောင်-ဒေါ်ခင်ကြည်ဝင်း၊ ဒေါ်ခင်အုန်းဝင်း၊ ဒေါ်ခင်အေးဝင်း၊ ဒေါက်တာမျိုးညွန့်၊ ဒေါက်တာမျိုးလွင်တို့၏ ဦးလေး၊ ကိုဉာဏ်မော်-ဒေါ်ညိုညိုဆင့်၊ဒေါက်တာလှမြတ်မွန်၊ ဒေါက်တာကျော်ခိုင်ဆွေ-ဒေါက်တာ ဒေါ်မြတ်ရီမွန်တို့၏ ဘကြီးသည်၂၅-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသန်းထွန်း(ငြိမ်း) အသက်(၆၇)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုဘဏ်
(ချောင်းဦး)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း(၂)ရပ်ကွက်၊ တိုက်(၂၆၇)၊ အခန်း(၁၂)နေ (ဦးဘအုန်း)-ဒေါ်ဌေးတို့၏ သား၊ (ဦးသန်းမောင်-ဒေါ်တင်တင်ညို)တို့၏သားသမက်၊ ဦးသောင်းညွန့် (ကျောင်းဆရာ-ငြိမ်း)-ဒေါ်စောကြိုင်၊ ဦးသန်းနိုင်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊ မန္တလေး၊ငြိမ်း)-ဒေါ်ဝင်းမြတို့၏ညီ၊ ဒေါ်ခင်ခင်သန်း၏ခင်ပွန်း၊ ကိုနေဝင်းမောင်(Eastwind)-မကလျာမြင့်၊ ဒေါက်တာခင်နေနွယ်ထွန်း(YMC)၊ ဒေါက်တာမင်းနွယ်ထွန်း (AMI)-မသူဇာထွန်း(UCSY)၊ အောင်ကျော်မင်း(B.E,Civil)၊ကျော်သန်းထွန်း(B. Tech. EP)၊ ဗိုလ်လောင်းတိုးသန်းထွန်း(DSMA)တို့၏ဖခင်၊ မလင်းလင်းလက်နှင့် မောင်ချမ်းသာတို့၏အဘိုးသည် ၂၅-၄-၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၇-၄-၂၀၀၄(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးခင်လှ(၈၄)နှစ်

(အကောက်ခွန်ဦးစီးမှူး-ငြိမ်း)

သထုံမြို့နေ (ဦးအုန်းကြည်-ဒေါ်ချစ်သိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမြဒင်)-ဒေါ်ရီတို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ်(၉၇)၊ ဗိုလ်မင်းရောင်လမ်း မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ ဒေါ်တင်အေး(နာယက-ရွှေတိဂုံစေတီတော်အင်္ဂါသမာဓိအသင်း)၏ ချစ်လှစွာသောခင်ပွန်း၊ သတင်းထောက်ဦးမောင်မောင်လှအေး-ဒေါ်စမ်းစမ်းလှ(အမက-၉၊မတည)၊ (ဦးသက်တင်)၊ ဦးစောဝင်း(ရန်ကုန်နှင်းနှင်းအလှပြုပြင်ရေးမိတ္တီလာ)၊ ဦးမြင့်သိန်း(ခ)ဦးချို-ဒေါ်အေးအေးသန်း၊ ဦးစန်းလွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၆-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဉာဏ်ထွင်ရှ အသက်(၆၀)

(ပုသိမ်/သန်လျင်)
ဆက်သွယ်ရေးအရာရှိ R/O (ငြိမ်း)

သန်လျင်မြို့နေ (ဦးကျော်မောင်၊ ပန်းဘဲတန်းမြို့နယ်ဦးစီးမှူး၊ငြိမ်း)-ဒေါ်နီနီ(ခ) ဒေါ်အမာနီတို့၏သားကြီး၊ ဦးမျိုးညွန့်၊ဒေါ်မာလာ၊ဦးသိဏ်းချမ်း-(ဒေါ်ခင်အေးမူ)(ခ)မူမူ[ကြွေ/မြေ(ငြိမ်း)]၊ ဒေါ်ခင်စောယု၊ ဦးနေဝင်း၊ဒေါက်တာခင်ထားရီ(ခ)မဆုမုတြာ၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦး Richard Minus(ခ) ဦးဒစ်ကီ၊ ဦးမြင့်အောင်တို့၏အစ်ကိုကြီး၊ မမေသက်ထား(Diethlm Company)၊ မစုမြတ်လှ(Myanmar Time)၊ သိန်းထွန်းအောင်(ခ)ဒိုးမောင်(Final Bot)၊ မသိမ့်၊ ဇေယျာသိဏ်းချမ်း(Final B.M.)၊ ရတနာဟန္ဒီ (B.Tech.E.C)၊ မအိမ့်(Final Eng)၊ လင်းနေဝင်း (2nd Geology)၊ ဝေလဲ့ဟန္ဒီ(1st Geography)၊ ကြည်စင်နေဝင်း(ကိုကို)[ထ(၂)ဒဂုံ]၊ သန့်ဇင်နေဝင်း(ညီလေး) [ထ-(၂)ဒဂုံ]၊ အောင်ကျော်မှူး(လုံးလုံး) ထ-(၂)ဒဂုံတို့၏ဘကြီး ဦးဉာဏ်ထွင်ရှသည် ၂၆-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(သန်လျင်နေအိမ်မှကားများနံနက် ၇း၃၀နာရီတွင်ထွက်ပါမည်။ ၂-၅-၂၀၀၄ရက်တွင် သန်လျင်မြို့၊အောင်မင်္ဂလာရပ်ကွက်၊ အောင်သီရိလမ်းအမှတ်(၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဆန်းအောင် အသက် (၅၀)

(ကန့်ဘလူမြို့နယ်အသင်းဝင်)
ကြီးကြပ်ရေးမှူး (သွားလာ)၊ ဗဟိုကွန်ထရိုး၊ မြန်မာ့မီးရထား(ရုံးချုပ်)

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် (၈၀)နေ ဦးအောင်ချစ်-ဒေါ်ကျင်ရွှေတို့၏သားကြီး၊ မန္တလေးမြို့ ရန်မျိုးလုံရပ်ကွက်နေ ဦးထွန်းစိန်-ဒေါ်မြကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း မြန်မာ့မီးရထားဝင်းအရာရှိရိပ်သာ အမှတ်(၆၉/ဒီ)နေ ဒေါ်နွယ်နွယ်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မြင်ဝေ၊ မမီမီဝေမွန်၊ မဇင်မာဝေမွန်တို့၏ ချစ်လှစွာသောမွေးသဖခင်ဦးဆန်းအောင်သည် ၂၅-၄-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍၂၇-၄-၂၀၀၄(အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း ဒါယိကာမကြီး

အင်ဖိတ်ကရောင်း(ခ)ဒေါ်ခင်စိန် အသက်(၉၁)နှစ်

(ဆင်မလိုက်-ကွမ်းခြံ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဆင်မလိုက်အုန်းတော၊ စံပယ်မာဃလမ်း၊ အမှတ်(၅)နေ (ဦးဟုတ်ခင်)၏ ဇနီး၊ ဒေါ်ဝင်းကြည်-ဦးကောက်၊ (ဦးသိန်းထွန်း)၊ ဦးမြင့်ထွန်း-(ဒေါ်ကျင်မေ)၊ ဒေါ်စောတင်-ဦးသိန်း၊ ဒေါ်မြင့်မြင့်-ဦးစိုးသန်း၊ ဒေါ်မြမြ-ဦးကျော်ဝင်း (မြမြစတိုးကြည့်မြင်တိုင်ညဈေး) တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၂ယောက်၊ မြစ် ၁၉ယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာတင်ထွန်း အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉၅/A)၊ ကျိုက်ဝိုင်းဘုရားလမ်းနေ (ဦးဘဦး၊မီးရထားအရေးပိုင်-ဒေါ်လှလှခင်)၏ သားသမက်၊ ဒေါ်ခိုင်စန်းဦး(အထက်တန်းပြ၊ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ Dr.ခင်လှိုင်-Dr.ချိုနွယ်ဦး၊ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း၊ ငြိမ်း)-ဒေါ်ခင်မော်ဦး၊ Dr. ဝင်းအောင်-ဒေါ်မြင့်ပြုံးဦး၊ ဦးငွေစိုးလှိုင် (CETE)-ဒေါ်ဂျိုးစီစီစိန်(ICRC)တို့၏ညီ/မောင်၊ ကိုနေလှိုင်၊ Mr. Sevenir Brown-Dr. ဝေဝေမြိုင်လှိုင်၊ Dr.ဖေသက်ဝင်း၊ Dr. မိုမိုလှိုင်၊ ကိုတင့်လွင်-မယမုံဝင်း၊ ကိုညီညီဇော်မင်း-မဥမ္မာဝင်း၊ မအိဇင်ဝင်း၊ ကိုကျော်ဇင်ဝင်း၊ ကိုနေအောင်၊ကိုလှိုင်ဦး၊ ကိုကျော်သူရ-မသစ်သစ်စိုးတို့၏ဦးလေး၊ မနုယဉ်ယဉ်ဝေ(အထက-၂၊စမ်းချောင်း)၊ မောင်ဇေယျာတင်ထွန်း (အထက-၅၊ မရမ်းကုန်း)တို့၏ ချစ်လှစွာသောဖခင်၊ Clarimond Lynn Brown ၊ ကေလာလှိုင်ဝင်း၊ ကေသူ၊ မေသူ၊ ဆုယွန်းစန္ဒီ၊ ဖြိုးသုလှိုင်တို့၏ဘိုးလေး Dr.တင်ထွန်းသည် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ၂၅-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာတင်ထွန်း(၄၉)နှစ်

ဇရာဝတီတိုင်း၊ဇလွန်မြို့နယ်၊အမှတ် (၂၀)၊ ဗိုလ်ချုပ်လမ်းနေ (ဦးအုန်းကြိုင်)-ဒေါ်စန်းလှ၏ သား၊ ဒေါ်စန်းမြင့် (အထပြ-ငြိမ်း)၊ဒေါ်သန်းမြ၊ ဦးဌေးရှင်-ဒေါ်မြကြည်တို့၏ တူ၊ ကိုထွန်းဝေ (မန်းရေနံ) မသန်းသန်းနု(မန်းရေနံ)၊ ကိုဝင်းဆွေ-မသီတာကြိုင်၊ မခင်မာညို၊ ကိုဇော်မျိုးဦး၊ ကိုသန်းနိုင်-မရီရီလတ်၊ ကိုစည်သူဖြိုးထက် - မမြင့်မြင့်သိန်း၊ ကိုဝင်းနောင်ထွဋ်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ်(၉၅/က)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခိုင်စန်းဦး၏ခင်ပွန်း၊ နုယဉ်ယဉ်ဝေ၊ ဇေယျာတင်ထွန်းတို့၏ဖခင်၊ Dr.-တင်ထွန်းသည် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ၂၅-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းအောင်(၉၁)နှစ်

(ကျောက်မြောင်း၊ ရွှေဘို)

ရွှေဘိုမြို့နယ်၊ဟံလင်းကြီးမြို့ဟောင်းနေ (ဦးချိမ့်-ဒေါ်ကြီး)တို့၏ သားထွေး၊ (ဦးလမ်း-ဒေါ်ဖော့အူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊အမှတ်(၃၃၄)၊ဆရာစံလမ်း၊(၂/ခ)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကျင်မေ၏ခင်ပွန်း၊ ဒေါ်ခင်မြင့်၊ ဒေါ်ကြည်ကြည်လွင်၊ဦးခင်မောင်တိုး၊ ဒေါ်ခင်စောဦး၊ ဦးစောရွှေအောင်-ဒေါ်နုနုရီ(ရွှေမိုးပြည့်စုံဆောက်လုပ်ရေး)၊ ဒေါ်နုနုကြည်တို့၏မွေးသဖခင်၊မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်တင်(ခ) ဘိုးလေးငယ် အသက်(၉၀)

ရန်ကုန်တိုင်း၊ သာကေတမြို့၊ (၃)ရပ်ကွက်၊ရန်ပြေ(၁၈)လမ်း၊ အမှတ်(၁၆)နေ (ဒေါ်စိန်ရင်)၏ခင်ပွန်း၊ ဒေါ်စန်းမြင့်-ဦးမောင်မောင်သန်း-ဒေါ်သိန်းသိန်း၊ ဦးလှထွန်း-ဒေါ်ရီဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၅-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇-၄-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ရီ (၆၁)နှစ်

ဦးစီးအရာရှိ (မြို့ပြ)(ငြိမ်း)
ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း
အမှတ်(၁)တည်ဆောက်ရေး
ရေအားလျှပ်စစ်ဦးစီးဌာန

ပျဉ်းမနားမြို့၊ အောင်စည်သာ တိုးချဲ့ရပ်ကွက်နေ ဒေါ်တင်သန်း၏ ခင်ပွန်း၊ ကိုတင်မောင်နိုင် - မသင်းသင်းလှိုင်၊ ကိုတင်မောင်လတ်-မနီနီထွေး၊ ကိုသက်နိုင် [ဦးစီးအရာရှိ (မြို့ပြ) ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း]-မဝင်းဥမ္မာရီ၊ (ကိုအောင်ကျော်မင်း)တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက်၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။၁-၅-၂၀၀၄ (စနေနေ့)တွင် ပျဉ်းမနားမြို့နေအိမ်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ဇရပ်ဒါယိကာမကြီး

ဒေါ်ကြည်(၉၁)နှစ်

(ရွှေတောင်)

ရွှေတောင်မြို့၊ တောင်ဘုရားကြီးလမ်း၊ အမှတ်(၅)နေ (ဦးငြိမ်း)၏ဇနီး၊ ဦးခင်မောင်မြင့်-ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ ခရေလမ်း အမှတ်(ခ/၄)နေ ဦးသိန်းအေး (လုပ်သားကားဂိတ်) - ဒေါ်ခင်စန်းလှဲ့၊ (ဦးတင့်လွင်) - ဒေါ်သီတာစန်းတို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက်တွင် ဘုရင့်နောင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အောင်မေ (၇၁) နှစ်

(လေးအိမ်စု)

(ဦးဘိုးညီ-ဒေါ်သန်း)တို့၏ သမီး၊ (ဦးမြဟန်)၏ ညီမ၊ ဒေါ်စိန်လှမေ၊ ဒေါ်ဒိုးရာတို့၏အစ်မ၊ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တိုက်(၆)၊ အခန်း(၆)၊ ထီးတန်းစက်မြေရပ်ကွက်နေ ဦးဟန်ညွန့်၏ ဇနီး၊ နော်ရင်ရင်မေ-စောအဲလ်ဘတ်၊ စောကျော်ဝင်း၊ စောသန်းဦး၊ နွယ်နွယ်မေ-ဦးသန့်ဇင်ဦး၊ မြစန်းကြည်၊ (အေးကိုကို)တို့၏မိခင်၊ ကျော်စွာ၊ စိန်ထူး၊ ဟေမာန်ထူး၊ ရတနာမေ၊ ယမင်းသန့်ဇင်တို့၏အဘွားသည် ၂၆-၄-၂၀၀၄ ရက် နံနက် ၅း၁၀နာရီတွင် ကွယ်လွန်ပါ၍ ၂၈-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [တိုက်(၆)၊ အခန်း(၆)၊ ထီးတန်း စက်မြေ ရပ်ကွက် နေအိမ်မှကားများ နံနက်၉နာရီ တွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းဝင်းယု(၅၃)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ ဗိုလ်ကြီးအောင်ဇင်ယု (ငြိမ်း)-(ဒေါ်တင်ညွန့်)တို့၏ မြေး၊ မန္တလေးမြို့၊ ပုသိမ်ကြီး၊ ရန်ကင်းသာယာရပ်၊အင်းဝလမ်း အမှတ်(၂၉၄)နေ ဦးရင်မောင်-ဒေါ်မုန်း၏သမီး၊ (တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန)မှ ပါမောက္ခ ဦးတင်ဦး၏ ဇနီး၊ ဒု-ရဲမှူးကြီး ခင်မောင်ထွန်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)-ဒေါ်ခင်မြတ်ထွေး ၊ ကိုအောင်လွင်ယု-မစန်းစန်းဦး (မန္တလေး)၊ ဆရာလေးဒေါ်တိရဏဉာဏီ၊ ဆရာလေးဒေါ်စရိတဝတီ (ပါရမီသီလရှင်စာသင်တိုက်၊ သန်လျင်)၊ (ကိုခင်မောင်မြင့်)-မချစ်ချစ်၊ (မောင်ကိုကိုကြီး)၊(မောင်ကိုကိုလေး)တို့၏ အစ်မကြီး၊ (မောင်ခန့်သန့်)၊ မောင်ကောင်းဝင်းတင်တို့၏မိခင် ဒေါ်ဝင်းဝင်းယုသည်၂၅-၄-၂၀၀၄ရက် ည၁၁း၅၅နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်ပါ၍၂၈-၄-၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလတ်ထွန်းသန်း(၄၇) နှစ်

(ရုံပိုင်၊ ကျောဇီဘူတာ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ အမှတ်(၄၃)၊ ရွှေနှင်းဆီ (၆)လမ်းနေ ဦးကံထွန်း-ဒေါ်သန်းကြည်တို့၏သား၊ မကွေးမြို့နေ (ဦးအေးချို-ဒေါ်ခင်မြ) တို့၏ သမက်၊တောင်သာမြို့နယ် ကျောဇီဘူတာဝင်းနေ ဒေါ်မေစီမြ၏ ခင်ပွန်း၊ ဦးမြတ်ထွန်းသန်း၊ဒေါ်နွယ်နီသန်း၊ ဦးဇော်ထွန်းသန်း၊ ဒေါ်ချယ်ရီသန်း၊ ဦးနော်ထွန်းသန်းတို့၏အစ်ကိုကြီး၊ မလွင်မေလတ်၊ မယဉ်မေလတ်၊ မချိုမေလတ်တို့၏ဖခင်သည် ၂၅-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၇-၄-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံတောင်နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအုန်းဆိုင် (ခ) အငယ်လေး (ခ) ဟိန်းထက်ဇော် (၃၇) နှစ်

တတိယနှစ်သမိုင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၁၄)၊ ဗိုလ်ဆွန်ပက်လမ်းနေ (ဦးမြအုန်း-ဒေါ်လှကြည်)၊ (ဦးမြအုန်းစာအုပ်ဆိုင်)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ အမှတ်(၂၅၁)၊(၃၉)လမ်းခြောက်လွှာနေ မတင်တင်အုန်း၊ (ကိုအုန်းခိုင်)၊ မသန်းသန်းအုန်း (သဥ္ဇာဇော်စတိုး၊ ဗိုလ်ချုပ်ဈေး)၊ ကိုအောင်စိုးမြင့်၊ ကိုအောင်ကျော်ခိုင်တို့၏ ချစ်လှစွာသော မောင်/ညီ/အစ်ကိုသည် ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၃း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအသည်းအထူးကုဌာနခွဲ၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန် ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မောင်ထော်လေးလမ်းနှင့် ၃၉လမ်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဝိမလ သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဣန္ဒာရာမကျောင်းတိုက်၊ ကြို့ကုန်း-အောင်မြေရွှေဂူကျောင်းတိုက်၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း၊ ဇေယျာသိဒ္ဓိမြို့မကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ်ကြီးသည် ၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း၇ရက်၊ ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း၁၁ရက်၊ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်ဒါယိကာမကြီး

ဒေါ်ငွေရှင်(၆၅)နှစ်

မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ကျွန်းစု

ကျိုက္ခမိမြို့၊ ရွှေပိတောက်ရပ်နေ ဦးကျန်သာ-ဒေါ်အေးထိန်တို့၏ သမီးထွေး၊ ကျွန်းစုမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီး၊ ဦးအောင်သန်းဦး-ဒေါ်အေးဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်စီစီသန်း၊ မောင်ကျော်မိုးထွန်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၀၄ရက်ည ၈း၃၀နာရီတွင် ကျွန်းစုမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွန်းစု မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော်(၆၂)နှစ်

(Sunny Yone Sein)
စိန်ပေါလ်ကျောင်းသားဟောင်း
ဥက္ကဋ္ဌ၊ ရွှေနဒီသမလုပ်ငန်းစု၊ (၁)ရပ်ကွက်ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၂၄)၊ အခန်း(၁၀)နေ (ဦးယုံစိန်-ဒေါ်စိန်ကြည်)တို့၏ သားကြီး၊ (ဒေါ်ခင်လှဌေး)၏ခင်ပွန်း၊ဦးကျော်ဇေယျ-ဒေါ်ခင်ပိုပို၊ဦးဝင်းမြင့်-ဒေါ်နီနီစိန်၊ ဦးဝင်းဖေ-ဒေါ်ရီရီစိန်၊ ဦးကျော်သူရ-ဒေါ်စန္ဒာမြင့်၊ ဦးလှဆင့်-ဒေါ်ဖြူဖြူစိန်တို့၏အစ်ကို ကြီး၊ ကိုကျော်ခိုင်ဦး(သူဌေးကျွန်းဟိုတယ်၊ကော့သောင်း)၏ ဖခင်သည် ၂၃-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများနှင့် မိသားစု။

ရဟန်းအမကြီး

ဒေါ်မြကြည်(၉၁)နှစ်

(ကော့နုပ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ်(၂၅/၂၇)နေ (ဦးတိုင်းမောင်)၏ဇနီး၊ [ဦးစိန်ကောင်း(ခ) ဦးခင်မောင်-ဒေါ်ရင်မြင့်]၊ ဦးစံထိန်-(ဒေါ်တင်တင်ရီ)၊ ဦးအောင်ငွေ-(ဒေါ်နန်းလာမိုင်းလား)၊ ဦးအေးမောင်(ကပစ-၁)-ဒေါ်မေသန်း(MFTB)၊ ဦးတင်စိန်တို့၏ မွေးသမိခင်၊ မြေး ၁၆ ယောက်၏အဘွား၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ငွေ(၇၄)နှစ်

(ရေကြည်)

ရန်ကုန်မြို့၊ (၄၈၁)၊ လောပိတလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံ(မြောက်)မြို့နယ်နေ ဦးလှငွေ၏ဇနီး၊ ကိုကျော်ရွှေ-မခင်မာမော်၊ ကိုအုန်းသိန်းတို့၏ မိခင်၊ မသင်းသင်းဦး၊ မထွေးထွေးတို့၏ အဒေါ်၊ သမီးလေးခင်ရွှေရည်ဝင်းသန့်(ဒုတိယတန်း-အေ၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၏အဘွားသည် ၂၅-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် နံနက်၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၈နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးသိန်းရွှေ (၆၇)နှစ်

(ဟင်္သာတ)

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးလှမောင်-ဒေါ်အေးကြည်)တို့၏ သား၊ (ဦးအုန်းမောင်)-ဒေါ်သိန်းခတို့၏ သားသမက်၊ ဦးစိန်ထွန်း-ဒေါ်ခင်ငြိမ်း (ဟင်္သာတ)၊ ဦးကျော်ရှိန်-ဒေါ်စန်းစန်း(ဟင်္သာတ)တို့၏ညီ/မောင်၊ (ဗိုလ်မှူးမြင့်မောင်)-ဒေါ်တင်တင်အေး(ဟင်္သာတ)၊ ဦးသိန်းစိုး၊ ဗိုလ်ကြီးကံညွန့် - ဒေါ်သန်းသန်းအေး၊ ဦးဌေးဝင်း-ဒေါ်ဝါဝါကို၊ ဦးသန်းစိုး-ဒေါ်ဝင်းမာ၊ဦးဆန်းထွန်းဝင်း-ဒေါ်အေးအေးသန်းတို့၏ အစ်ကို၊ ဒေါ်သင်းသင်း၏ခင်ပွန်း၊ဒေါ်မြတ်မြတ်မိုး (ပြည်တွင်းအခွန်)၊ဒေါ်အေးအေးစိုး၊ ဦးရဲဦး၊ ဦးထွန်းလင်းတို့၏မွေးသဖခင်သည်၂၆-၄-၂၀၀၄ ရက် တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကင်း၊ ကျောက်ကုန်းနေအိမ်မှ ကားများ မွန်းလွဲ၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်သန်း(၇၈)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
(ဗဟိုစာရင်းရုံး)

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နေ (ဦးသာဦး-ဒေါ်လှအုန်းမယ်)တို့၏ သား၊ (ဦးလှဖေ-ဒေါ်တင်)၊ လှစာပုံနှိပ်တိုက်၊ ဘိုကလေးတို့၏သားသမက်၊ (ဦးချစ်-ဒေါ်စော)၊ (ဦးစိန်ဖိုး-ဒေါ်ဝင်းမေ)၊ (ဦးအောင်သိန်း-ဒေါ်လှရင်)၊ (ဦးထွန်းတင်)၊ ဒေါ်ညွန့်တို့၏ ညီ/မောင်၊ ဒေါ်တင်ညွန့်၏ ဦးလေး၊ ရန်ကုန်တိုင်း၊ အမှတ်(၁၈၆)၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေ (ဒေါ်ခင်နု)၏ခင်ပွန်း ဦးစိန်သန်းသည် ၂၆-၄-၂၀၀၄ရက်တွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုံးပွင့် အသက်(၇၀)

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ မမုံကိုင်ကျေးရွာနေ (ဦးသာကံ)၏ ဇနီး၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ကေတုမာလာရိပ်သာ၊ အမှတ်(၇၄-အေ)နေ ဦးမင်းဟန်-ဒေါ်ကြည်ကြည်အေး၊ ကိုအောင်နိုင်ဝင်း၊ ကိုကျော်မျိုးနိုင်-မချိုချိုအေး၊ ကိုအောင်မျိုးဝင်း-မမိုးမိုးဝါ၊ အရှင်တက်ကုံရ (ဇောတိကာရုံကျောင်းတိုက်၊ မ/ဒဂုံ) တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရပ်ကျင့်ကျုံး(ခ)ဦးအောင်ငြိမ်း အသက်(၆၀)

ဝါးခယ်မ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၇၀)၊ ပထပ်နေ (ဦးရန်ဖော့-တန်ဘိဟွာဟွယ်)-ဒေါ်ဟုန်တို့၏သားကြီး၊ ဒေါ်ခင်ဝင်း(မင်္ဂလာဈေး)၏ခင်ပွန်း၊ ဦးကျော်ဇောလွင်၏ ဖခင်၊ တူတူမကိုးယောက်တို့၏ဦးလေးရပ်ကျင့်ကျုံး(ခ) ဦးအောင်ငြိမ်းသည် ၂၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးမှကားများ နံနက် ၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်နေ ကိုယ်စားလှယ်များ ဖိတ်ကြားထားပြီးဖြစ်သကဲ့သို့ အမျိုးသားညီလာခံကျင်းပမည့်ရက်လည်းနီးကပ်လာ

လိုအပ်သည့် အခြေခံများအားလုံး ပြည့်စုံရေး ငွေကြေးမြောက်မြားစွာသုံးစွဲပြီး အကောင်းဆုံးစီမံထား

ရန်ကုန် ဧပြီ ၂၆

အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အနော်ရထာရိပ်သာဥ္ဇကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ပထမဆုံးအဆင့်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး အပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇာ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ၂၇ရက်တွင်ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအေရီရယ်ရှရွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧပြီ ၂၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ယမားချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-၉) (သတင်းစဉ်)